Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၄) ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ။ * မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## ရင်ဆိုင်နေရသောအခြေအနေဆိုးမှ ရုန်းထွက်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများလိုအပ် အဖွဲ့ချုပ်အမှုဆောင်အဖွဲ့ စီအီးစီနှင့် ပြည်နယ်နှင့်တိုင်း ခေါင်းဆောင်များ ဆွေးနွေးပွဲ တွင် တင်ပြ

ဩဂုတ်လ(၂၅)ရက်နေ့မှ (၂၉)ရက်အထိ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ပြည်နယ်နှင့်တိုင်းအသီးသီးမှ အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းစည်းရုံးရေးအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးများကိုကျင်းပခဲ့ရာ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ခေါင်းဆောင်များက လက်ရှိရင်ဆိုင်နေရသော အခြေအနေဆိုးများမှရုန်းထွက်နိုင်ရန် နိုင်ငံရေး စည်းရုံးရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လိုအပ်နေကြောင်း တင်ပြခဲ့ကြသည်ဟု သိရသည်။

ဆုံးပတ်ကလည်း ဧရာဝတီတိုင်းလွှတ်တော်ကိုယ်စားလှယ် (၁၄)ဦး လက်မှတ်ရေးထိုး၍ ဦးအောင်ရွှေနှင့်ဒေါ်အောင်ဆန်းစုကြည်အပြင် စီအာရ်ပီပီအား မိတ္တူပို့ပြီး၊ နိုင်ငံရေးဆိုင်ရာသဘောထား (၄)ချက်နှင့်စည်းရုံးရေးဆိုင်ရာသဘောထား(၇)ချက်ကို အကြံပြုခဲ့ကြသည်။ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ဆောင်ရွက်ရန်နှင့် အဲန်အယ်လ်ဒီမှ ကိုယ့်လမ်းကိုယ်လျှောက်ရေးမူချမှတ်ရန် ပါဝင်သည်ဟု သတင်းများအရ သိရသည်။

တက်ရောက်လာကြသော ကိုယ်စားအချိန်ကိုစောင့်ရန် ပြန်ကြားခဲ့သည်။

စီအီးစီနှင့်တိုင်းနှင့်ပြည်နယ်ခေါင်းဆောင်များအစည်းအဝေး ကိစ္စနှင့်စပ်လျဉ်း၍ မကြာသေးမီက လွတ်မြောက်နယ်မြေသို့ရောက်ရှိလာသော ပဲခူးတိုင်း၊ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း၏ အမြင်ကိုမေးမြန်းရာ၌ "ဒါတွေဟာ ကျနော် ဆက်တိုက်တောင်းဆိုခဲ့တဲ့ကိစ္စများဖြစ်တယ်။ ပါတီတွင်းဒီမိုကရေစီကို ရှင်သန်ခွင့်ပေးဖို့ လိုတယ်။ တပြိုင်တည်းမှာပဲ ခေါင်းဆောင်များရဲ့ အဆုံးအဖြတ်ကို ပါတီ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ
(ရှေ့တန်း ဝဲ မှ ယာ) ဦးလွင်၊ ဦးကြည်မောင်(ကွယ်လွန်)၊ ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်
(နောက်တန်း ဝဲ မှ ယာ) ဦးလွန်းတင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်

ယင်း တင်ပြချက်များအနက် အခြေအနေကို သုံးသပ်တင်ပြရာ၌ မေ(၃၀) ဒီပဲယင်း လုပ်ကြံမှုကြီးနောက်ပိုင်း တပြည်လုံးအတိုင်းအတာဖြင့် ရုံးများပြန်ဖွင့်ခွင့်မရခြင်း၊ အဲန်အယ်လ်ဒီ၏နိုင်ငံရေးလှုပ်ရှားမှု အားလုံးကို ထိန်းချုပ်ထားခြင်း၊ ကြံ့ဖွံ့အဖွဲ့များက အဲန်အယ်လ်ဒီ၏နည်းလမ်းတကျ တရားသောလှုပ်ရှားမှုများကို နှောင့်ယှက်ဟန့်တားခြင်း၊ ဒုက္ခပေးနှင့်အထွေထွေအတွင်းရေးမှူးကို ဆက်လက်ချုပ်နှောင်ထားခြင်းနှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းများ ပိုမိုအလှမ်းဝေးကွာလာခြင်းတို့ကို တင်ပြကြသည်ဟု ဆိုသည်။ ပြီးခဲ့သည့် ဇူလိုင်နောက်

လှယ်များ၏တူညီသော အကြံပြုချက်မှာ စီအာရ်ပီပီအား တိုးချဲ့ဖွဲ့စည်းရန်၊ ပြည်နယ်တိုင်းခေါင်းဆောင်များ၏ ဆန္ဒဖြင့် ဗဟိုဦးစီးအဖွဲ့ကို ဒီမိုကရေစီနည်းကျ ဖွဲ့စည်းရန်၊ ဗဟိုလုပ်ငန်းအဖွဲ့ကို ထားရှိရန်တို့ဖြစ်ကြောင်း သတင်းများအရ သိရသည်။

စီအီးစီမှ ကိုယ်စားလှယ်များကို ပြန်လည်ရှင်းပြရာ၌ အခြေအနေအရပ်ရပ်ကို မိမိတို့ သိရှိသဘောပေါက်ပါကြောင်း၊ လောလောဆယ်တွင်အရေးပါသည့် ခေါင်းဆောင်နှစ်ဦး ထိန်းသိမ်းခံနေရချိန်ဖြစ်၍ သူတို့မရှိခိုက် အရေးကြီးသောလုပ်ငန်းများကိုဆောင်ရွက်ရန် မသင့်သေးဟု ယူဆပါကြောင်း

ဝင်တွေအားလုံးက ကြိုက်ကြိုက် မကြိုက်ကြိုက် လိုက်နာရမှာပဲ"ဟု မိုးကြိုးသို့ ဖြေကြားခဲ့သည်။

ဩဂုတ်လ(၂၅)ရက်နေ့တွင် မကွေးတိုင်း၊ ဧရာဝတီတိုင်း(၂၈)ရက်နေ့တွင် ကချင်၊ ချင်း၊ ကရင်၊ ရခိုင်နှင့် ရှမ်း၊ (၂၉)ရက်နေ့တွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့များနှင့် အဲန်အယ်လ်ဒီ ဗဟိုအလုပ်မှုဆောင်အဖွဲ့မှ အသီးသီး တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ဤဆွေးနွေးပွဲသည် ဒီပဲယင်း လုပ်ကြံမှုကြီးအပြီး အမြင့်ဆုံးသောပါတီလှုပ်ရှားမှုဖြစ်ကြောင်း သိရှိရသည်။❖

## ဝါရင့်နိုင်ငံရေးသမားကြီးများ အရေးပေါ်အစည်းအဝေး ကျင်းပ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး လက်မှတ်ရေးထိုးမှု ထောက်ခံ



ဝါရင့်နိုင်ငံရေးသမားရေးသမားကြီး ဦးမင်းလွင် လက်မှတ်ရေးထိုးနေစဉ်။

ဩဂုတ်လ(၁၀)ရက်နေ့က ဝါရင့်နိုင်ငံရေးသမားကြီးများ အရေးပေါ်အစည်းအဝေး တရပ်ကျင်းပ၍ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် အဖမ်းအဆီးခံနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် မေလ(၃၀)ရက်နေ့မှစ၍ အပိတ်ခံနေရသည့် အဖွဲ့ချုပ်ရုံးများ တနိုင်ငံလုံး ပြန်လည်ဖွင့်ခွင့်ရရှိရေးကို လက်မှတ်ရေးထိုး တောင်းဆိုလျက်ရှိသည့် အဖွဲ့ချုပ်၏ တနိုင်ငံလုံးအတိုင်းအတာဖြင့် လက်မှတ်ရေးထိုးသည့် ဆန္ဒပြုလှုပ်ရှားမှုအား ထောက်ခံကြောင်း ဖော်ပြထားသည်။

ယင်း အစည်းအဝေးပြီးလျှင်ပြီးချင်း ဝါရင့်နိုင်ငံရေးသမားကြီး (၁၈)ဦးစလုံးက အဖွဲ့ချုပ်ရုံးသို့ သွားရောက်ပြီး လက်မှတ်ရေးထိုးဆန္ဒပြုမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ယခုလိုလက်မှတ်ထိုးဆန္ဒတောင်းဆိုမှုကို နအဖက တားမြစ်ပိတ်ဆို့နေခြင်းနှင့်စပ်လျဉ်း၍ ဝါရင့်နိုင်ငံရေးသမားကြီးသခင်ချန်ထွန်းက ဒီမိုကရေစီနိုင်ငံထူထောင်မည်ဆိုလျှင် လွတ်လပ်စွာ စည်းရုံးခွင့်ကို ယခုကတည်းက ပေးထားရမည်ဟု ထောက်ပြ ဝေဖန်ခဲ့သည်။

ဝါရင့်နိုင်ငံရေးသမားကြီးများသည် ဖက်ဆစ်ဆန့်ကျင်ရေး၊ ကိုလိုနီလွတ်မြောက်ရေးတိုက်ပွဲအဆက်ဆက်တွင် ပါဝင်ခဲ့ကြသော အသက်အရွယ်ကြီးမြင့်လှပြီဖြစ်သည့် နိုင်ငံအကျိုးလိုလားသူ နိုင်ငံရေးသမားဟောင်းများပါဝင်သည့် အစုအဖွဲ့ဖြစ်သည်။ ❖

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စုံညီအစည်းအဝေး ကျင်းပ နအဖ လမ်းပြမြေပုံ (၇)ချက် အမျိုးသားပြဿနာကို မဖြေရှင်းနိုင်ဟု ဆို

ယခုလ(၁၃)ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက စုံညီအစည်းအဝေးတရပ်ကျင်းပခဲ့ပြီး စီအာရ်ပီပီ အတွင်းရေးမှူး ဦးအေးသာအောင်က နအဖ၏လမ်းပြမြေပုံ(၇)ချက်သည် အမျိုးသားပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဦးအေးသာအောင်က အမျိုးသားညီလာခံနှင့် နအဖလမ်းပြမြေပုံ(၇)ချက်နှင့် စပ်လျဉ်း၍ စီအာရ်ပီပီသဘောထားကို ထပ်မံအတည်ပြုပြောကြားခဲ့ရာ လက်ရှိနအဖ၏ အမျိုးသားညီလာခံနှင့် လမ်းပြမြေပုံ(၇)ချက်သည် အမျိုးသားအင်အားစုများအားလုံး ဆွေးနွေးညှိနှိုင်းပြီးချမှတ်ထားသော အမျိုးသားလုပ်ငန်းစဉ်တရပ်မဟုတ်ဟု ထောက်ပြပြောဆိုလိုက်ပြီး ယင်းလုပ်ငန်းစဉ်သည် အမျိုးသားရေးပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်းနှင့် တိုင်းရင်းသားများ၏ရပိုင်ခွင့်များ အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်း ဝေဖန်ခဲ့သည်။ တဆက်တည်းတွင် နအဖ၊ အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်သော အမျိုးသားတွေ့ဆုံဆွေးနွေးရေး ညှိနှိုင်းအစည်းအဝေးတရပ်ပေါ်ပေါက်ရေးကို တောင်းဆိုလိုက်သည်။

ထို့ပြင် စီအာရ်ပီပီ၏ရှေ့လုပ်ငန်းစဉ်အဖြစ် ပြည်သူ့အခြေခံဒီမိုကရေစီအခွင့်အရေးပေါ်ပေါက်လာစေရေးကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

**မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ**

# အဖွဲ့ချုပ်က ကျင့်သုံးသင့်တဲ့ နိုင်ငံရေး အနုပညာ

ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အတွင်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်တိုင်းအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တိုင်းအဆင့် ခေါင်းဆောင်များပါဝင်သည့် ဆွေးနွေးပွဲကို တိုင်းနှင့်ပြည်နယ်အလိုက် ရန်ကုန်မြို့ အဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့သည်ဟု သိရှိရပေသည်။ ဤအစည်းအဝေးများသည် အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့ ဖမ်းဆီးထိန်းသိမ်းခံရသည့် ဒီပဲယင်းအရေးအခင်းနောက်ပိုင်း၌ အဖွဲ့ချုပ်၏ အကြီးမားဆုံး နိုင်ငံရေးလှုပ်ရှားမှုဖြစ်သည်။

ယင်းအစည်းအဝေးတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များက စီအီးစီ တိုးချဲ့ရေး၊ ဗဟိုကော်မတီ ဖွဲ့စည်းရေးနှင့် ဗဟိုလုပ်ငန်းကော်မတီ ထားရှိရေးတို့အပြင် နိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ယူရေးများကို ဆွေးနွေးဆောင်ရွက်တင်ပြခဲ့ကြောင်း သိရှိရသည်။

ဤတင်ပြချက်များသည် မူပိုင်းဆိုင်ရာ အယူအဆသဘောတရားအရ မှန်ကန်သည်ကို အငြင်းပွားဖွယ်ရာ မရှိသော်လည်း၊ အဖွဲ့ချုပ်၏ ပကတိနှင့်ကြုံတွေ့နေရသော လက်ရှိအနေအထား၊ တိုက်ပွဲ လမ်းစဉ်တို့ကို ထည့်သွင်းတွက်ချက်ပါမှ ပိုမိုပြည့်စုံသော လက်ရှိအနေအထားနှင့် ကိုက်ညီမည့် ဖွဲ့စည်းပုံတရပ်ကို ပုံဖော်ပြီး ဒီမိုကရေစီတိုက်ပွဲကို အောင်မြင်စွာ ရှေ့ဆောင်နိုင်မည်ဖြစ်ပေသည်။

ယခုကာလတွင် နအဖ စစ်အုပ်စုမှ အဖွဲ့ချုပ်၏ ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်အများစုကို ထောင်တွင်းအကျဉ်းချထားလျက်ရှိနေဆဲဖြစ်သည်။ ဦးဝင်းတင်၊ ဦးစိန်လှဦး၊ ဦးခင်မောင်ဆွေ၊ ဦးနိုင်းနိုင်း၊ ဒေါက်တာ သန်းငြိမ်း၊ ဒေါက်တာ မေဝင်းမြင့် စသည့် လူထု၏ အစိတ်အပိုင်း အများစုကို ကိုယ်စားပြုနိုင်သည့် ခေါင်းဆောင်များအား ဖမ်းဆီးထားဆဲဖြစ်သည်။ အရေးပါဆုံးအချက်မှာ နောင်တိုးချဲ့လာမည့် ခေါင်းဆောင်အများစုမှာ ပါတီဝင်ထုမှတဆင့် လူထုထောက်ခံမှုကို ရယူနိုင်စွမ်းရှိသည့် ခေါင်းဆောင်မျိုးဖြစ်ရန် လိုအပ်နေခြင်းဖြစ်သည်။ အထူးသဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အဖွဲ့ချုပ်၏ မူဝါဒနှင့် လုပ်ငန်းစဉ်ကို ထက်မြက်စွာအကောင်အထည်ဖော်နိုင်သောထုကို တစုံတရာကိုယ်စားပြုသော အဖွဲ့ချုပ်ခေါင်းဆောင်များမှာ ရှိတော့ရှိ၏၊ ရှားနေသေးသည်ဟု ဆိုချင်သည်။ ဤအချက်ကိုလည်း စစ်အုပ်စုနှင့် တိုက်ပွဲဆင်ရာတွင် မည်မျှရဲဝံ့ကိုယ်ကျိုးစွန့် ပါဝင်သည်ဆိုသည့်အချက်က ပြဋ္ဌာန်းပေသည်။

လက်ရှိခေါင်းဆောင်မှုသည်လည်း ဒီမိုကရေစီတိုက်ပွဲတွင် ထိုက်တန်သည့်ခေါင်းဆောင်မှုဖြစ်ကြောင်း အဲန်အယ်လ်ဒီ တိုက်ပွဲအဆင့်ဆင့်က သက်သေပြလျက်ရှိသည်။ အထူးသဖြင့် စီအာပီပီ ဖွဲ့စည်းနိုင်ခြင်း၊ တိုင်းရင်းသားပါတီများနှင့် လက်တွဲ၍ နအဖအမျိုးသား ညီလာခံအား ဆန့်ကျင်သပိတ်မှောက်နိုင်ခြင်းတို့သည် အဲန်အယ်လ်ဒီ၏ ရွေးကောက်ပွဲများမှတဆင့် ပြည်သူသို့ပေးခဲ့သော ကတိကဝတ်များကို ယခုခေါင်းဆောင်မှုက ဆက်လက်တာဝန်ယူ ဖြည့်ဆည်းလျက်ရှိသည်ဟူသော အဓိပ္ပာယ်သက်ရောက်ပါသည်။ လက်ရှိ စီအီးစီတွင် လုပ်ငန်းအကောင်အထည်ဖော်မှုအပိုင်းတွင် ရန်သူ၏ဖြတ်စနစ်ကျင့်သုံးမှုကြောင့် အားမရစရာများ ကြုံတွေ့နေရသော်လည်း မူဝါဒများအပေါ်တွင် မဆုတ်မနစ် ခိုင်ကျည်စွာ စောင့်ထိန်းနေပေသည်။ ပြည်သူတို့၏မျှော်မှန်းချက်များ အကောင်အထည်ဖော်ရေးကို အစီအစဉ်ရှိစွာ ကြိုးပမ်းနေသည့် လက္ခဏာများကိုလည်း တွေ့မြင်ရလျက်ရှိသည်။

အထူးသဖြင့် အဖွဲ့ချုပ်၏ တိုက်ပွဲလမ်းစဉ်အပေါ်မူတည်၍ အဖွဲ့ချုပ်ခေါင်းဆောင်မှုပုံသဏ္ဌာန်ကို ပြင်ဆင်ရမည်ဖြစ်သည်။ ကတိပေးထားသည့်အတိုင်း ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေး ဥပဒေတွင်းတိုက်ပွဲကိုဆင်နွှဲရန်မှာ အဖွဲ့ချုပ်အတွက် မလွှဲသာမရှောင်သာသော လုပ်ငန်းစဉ်ဖြစ်ပေသည်။ ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ပါက ခေါင်းဆောင်မှုမှာ ကျစ်လစ်ရန် သိပ်သည်းရန်နှင့် ဗဟိုဦးစီးစနစ်ကို (centralization)ကို ကျင့်သုံးရန် လိုအပ်ပေသည်။ တဖက်တွင်လည်း အဖွဲ့ဝင်များမှတဆင့် ပြည်သူလူထုအား တိုက်ပွဲတွင် ပူးပေါင်းပါဝင်စေရေး အခြေအနေအရပ်ရပ်ကို ဖန်တီးရန်မှာ အဖွဲ့ချုပ်မှကိုင်စွဲသင့်သော ခေါင်းဆောင်မှုအနုပညာဖြစ်ပါကြောင်း တင်ပြအပ်ပေသည်။❖

## အဖွဲ့ချုပ်က ဥပဒေကြောင်းအရ တရားမျှတစွာ တောင်းဆိုမှုကို ဗဟိုတရားရုံးမှ လက်မခံ ပယ်ချ

၂၀၀၄၊ ဩဂုတ်လ (၁၈)ရက်စွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်ကို ရည်ညွှန်း၍ ကြေညာချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက အောက်မြန်မာနိုင်ငံရှိ အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရေး၊ ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးတို့အတွက် ရန်ကုန်မြို့တရားရုံးချုပ်၌ လည်းကောင်း၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဗိုလ်ဇံက အထက်မြန်မာနိုင်ငံရှိ အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မန္တလေးရှိ တရားရုံးချုပ်သို့လည်းကောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၄၅)အရ ဆောင်ရွက်နိုင်ရန် ၁၆-၈-၀၄ နေ့က သွားရောက်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ကျမ်းကျိန်လွှာများ ပူးတွဲတင်သွင်းရန်လိုအပ်သဖြင့် တရားရုံးချုပ်မှ ကျမ်းကျိန်အရာရှိထံ ကျမ်းကျိန်ဆိုခွင့်ပေးရန် ပြောကြားခဲ့ရာ၊ အထက်အရာရှိထံ တင်ပြရမည်ဟုဆိုသဖြင့် နံနက်(၁၁)နာရီမှ နေ့လည်(၃)နာရီအထိ အဖွဲ့ချုပ်ဥက္ကဋ္ဌက စောင့်ဆိုင်းနေရကြောင်း၊ ထိုအချိန်မှပင် ညွှန်ကြားရေးမှူး ဦးတိုက်ပိ ဆိုသူက "ဥပဒေ နှင့်မညီ၍ ကျမ်းကျိန်ခွင့်မပြုနိုင်"ဟု ငြင်းပယ်ကြောင်း၊ "အဘယ့်ကြောင့် ဥပဒေနှင့် မညီကြောင်း" မေးမြန်းရာ "ကိုယ့်ဘာသာကိုယ်ရှာကြည့်ပါ" ဟု ညွှန်ကြားရေးမှူးက ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှ လေ့လာသောအခါ၌လည်း ဥက္ကဋ္ဌ၏ တင်ပြချက်ကို အာဏာပိုင်တို့က ငြင်းပယ်ရန် အခွင့်အရေးမရှိကြောင်း ဥပဒေကြောင်းအရ တွေ့ရှိရသည်ဟု ဆိုသည်။

သို့ပါ၍ အဖွဲ့ချုပ် ဥက္ကဋ္ဌက တရားမအထွေထွေလျှောက်လွှာကို ကိုယ်တိုင်ကြေညာချက်ပြုလုပ်ပြီး ၁၇-၈-၀၄ နေ့တွင် နိုင်ငံတော်တရားသူကြီးချုပ် ဦးအောင်တိုးထံသို့ ပေးပို့ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဖွဲ့ချုပ်သည် အာဏာလွှဲအပ်မှု မခံရသေးသော်လည်း နိုင်ငံတော်အာဏာကို ရယူနိုင်သည့် ပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသည့် တရားဝင်အဖွဲ့အစည်းတခု ဖြစ်သည်နှင့်လျော်ညီစွာ တရားဥပဒေဘောင်အတွင်းမှ တရားမျှတစွာ ဆောင်ရွက်ခဲ့မှုများစွာရှိခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်က ဗိုလ်ခင်ညွှန့်နှင့်ထောက်လှမ်းရေးအဖွဲ့အား ဥပဒေကြောင်းအရ တရားစွဲဆိုသော်လည်း ပယ်ချခဲ့ရကြောင်း အဲန်အယ်လ်ဒီ၏ ကဝမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းမှ မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

## ဒေါက်တာသန်းငြိမ်းနှင့် ဒေါက်တာမေဝင်းမြင့်တို့အား ပုဒ်မ ၁၀(က) ဖြင့် ဆက်လက်ထိန်းသိမ်း



မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ်
ဒေါက်တာ မေဝင်းမြင့်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းနှင့် မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်တို့အား လွတ်ရက်စေ့ကာနီးချိန်တွင် ပုဒ်မ-၁၀(က)ဖြင့် ဆက်လက် ထိန်းသိမ်းလိုက်ကြောင်း သိရသည်။ ဤကဲ့သို့ လွတ်ခါနီးမှ ပုဒ်မ-၁၀(က)ဖြင့်ထပ်မံ ထိန်းသိမ်းခံရသူ နိုင်ငံရေးအကျဉ်းသား အများအပြားရှိကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးလွင်မှ ထုတ်ဖော်ပြောကြားခဲ့သည်။

ဒေါက်တာသန်းငြိမ်းနှင့် ဒေါက်တာမေဝင်းမြင့်တို့အား လွန်ခဲ့သည့် (၇)နှစ်က ဖမ်းဆီးထိန်းသိမ်း ခံခဲ့ကြရခြင်းဖြစ်သည်။ ဒေါက်တာသန်းငြိမ်းမှာ နအဖ ဝန်ကြီးချုပ် ဗိုလ်ခင်ညွှန့်နှင့် မောင်လှယ်၊ နှမလှယ်တော်စပ်သူဖြစ်သည်။ ယခုအချိန်တွင် အစာအိမ်၊ ဆီးကြိတ်၊ အသည်းနှင့်နှလုံးရောဂါများ ဆိုးရွားစွာ ခံစားနေရကြောင်း၊ ဇနီးဖြစ်သူ ဒေါ်ခင်အေး (ဗိုလ်ခင်ညွှန့်၏ ညီမဖြစ်သူ)က ထုတ်ဖော်ပြောကြားပြီး၊ ဇူလိုင်လ (၂၃) ရက်နေ့ ထောင်ဝင်စာသွားရောက်တွေ့ဆုံစဉ် ဘာမျှမထူးခြားသေးသော်လည်း ဩဂုတ် (၃) ရက်နေ့ကျမှ အကျိုးအကြောင်းသိရကြောင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုးမရှိကြောင်း၊ စိတ်ဓာတ်ခိုင်မာဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒေါက်တာမေဝင်းမြင့်မှာလည်း နှလုံးသွေးကြောကျဉ်းရောဂါခံစားနေရသဖြင့် ရုပ်ပိုင်းဆိုင်ရာကျဆင်းမှုရှိကြောင်း၊ မိသားစုနှင့်ခွဲခွာပြီး ဆေးဝါးကုသမှုမပြည့်စုံသဖြင့် ကျန်းမာရေးအခြေအနေ စိုးရိမ်ရသည်ဟု သိရသည်။ သို့သော် စိတ်ဓာတ်ပိုင်းမှာ ခိုင်မာဆဲဖြစ်သည်ဟု ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်က ထုတ်ဖော်ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများအား အာဃာတကြီးစွာ ပုဒ်မ-၁၀(က) ဖြင့် ထပ်မံချုပ်နှောင်နေမှုများအား လန်ဒန်အခြေစိုက် နိုင်ငံတကာလူ့အခွင့်အရေး လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ ပြောခွင့်ရပုဂ္ဂိုလ် ကတ်သရင်းဂတ်ထံက ကန့်ကွက်ရှုတ်ချခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ပြောရေးဆိုခွင့်ရှိသူ အတွင်းရေးမှူး ဒေါ်စန်းစန်းက "သူတို့ဟာ အဲန်အယ်လ်ဒီအတွက်သာမက ပြည်သူလူထုကြီးအတွက်ပါဂုဏ်ပြုလောက်တဲ့ သူရဲကောင်းတွေပါ။ သူတို့ရဲ့စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှု၊ ပိုင်းဖြတ်မှုတွေက ကျွန်မတို့မှာ ခွန်အားတွေ တိုးပွားရပါတယ်"ဟု မိုးကြိုးသို့ ထုတ်ဖော် ပြောကြားခဲ့သည်။

❖



# ရာဇာလီ၏ကိုယ်စားလှယ် မစ္စတာလီယွန်မာတင်နှင့် ယူအဲန်အေ ခေါင်းဆောင်များတွေ့ဆုံ

ညီညွတ်သောတိုင်းရင်းသား မဟာမိတ်များအဖွဲ့ (UNA) မှခေါင်းဆောင်များနှင့် ကုလသမဂ္ဂအထူးသံ မစ္စတာရာဇာလီအစ္စမေး၏ကိုယ်စားလှယ်အဖြစ် ညှိနှိုင်းတာဝန်ယူနေသူ မစ္စတာမာတီလီယွန်တို့သည် ဩဂုတ်(၂၀)ရက်နေ့က ရန်ကုန်တွင် တွေ့ဆုံခဲ့ကြကြောင်း သိရှိရသည်။

ထိုတွေ့ဆုံဆွေးနွေးပွဲသို့ UNA မှ မွန်ဥက္ကဋ္ဌ နိုင်ထွန်းလင်း၊ ဒု-ဥက္ကဋ္ဌ နိုင်ငွေသိန်း၊ ရှမ်းဥက္ကဋ္ဌခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်၊ ရခိုင်အဖွဲ့မှဦးသာဘန်းနှင့် ဇိုမီးအမျိုးသားများကွန်ဂရက်ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်တို့ တက်ရောက်ခဲ့သည်ဟုသိရသည်။

ထိုသို့တွေ့ဆုံစဉ် UNA ခေါင်းဆောင်များက လက်ရှိ နိုင်ငံရေးအခြေအနေများကို ရှင်းပြခဲ့ကြပြီး အထူးသဖြင့် ညောင်နှစ်ပင်ညီလာခံကို မယုံကြည်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်ဟု သိရသည်။ ယင်းညီလာခံသို့ တက်ရောက်နေသော ငြိမ်းချမ်းရေးအဖွဲ့ (၁၃)ဖွဲ့၏ ရပ်တည်ချက်ကိုလည်း အားမရကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

မစ္စတာလီယွန်သည် ယင်းအခြေအနေများကို ရန်ကုန်မှကွာလာလမ်ပူသို့ သွားရောက်ပြီး ရာဇာလီထံ အစီရင်ခံမည်ဖြစ်ကြောင်းသိရှိရသည်။

❖

# ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး ချင်းပြည်နယ်လူထု တခဲနက်ပါဝင်လက်မှတ်ရေးထိုး

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် တနိုင်ငံလုံးအတိုင်းအတာဖြင့် လူထုမှ လက်မှတ်ရေးထိုးတောင်းဆိုမှုများကို အဖွဲ့ချုပ်ဝင်များက ကမကထပြု လုပ်ဆောင်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ချင်းပြည်နယ်တွင် အထူးသဖြင့် ဖလမ်းမြို့နယ်တွင်းရှိ ပြည်သူလူထုက ရွာလုံးကျွတ်နီးပါး လက်မှတ်ရေးထိုး ဆန္ဒပြုကြသည်ဟု သတင်းရရှိသည်။ ဤအချက်က ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားသွေးစည်းညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှု မည်မျှအောင်မြင်သည်ကိုပြသသော ပြဒါးချိန်တခုဖြစ်သည်ဟု လွတ်မြောက်နယ်မြေရောက် အဖွဲ့ချုပ်အဖွဲ့ဝင်တဦးက မိုးကြီးသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

ယင်းသို့လူထုမှ လက်မှတ်ရေးထိုးဆန္ဒပြုနေမှုများ ပိုမိုများပြားလာသည့်အတွက် သက်ဆိုင်ရာအာဏာပိုင်များက လက်မှတ်ရေးထိုးမှုကို အဖွဲ့ချုပ်အဖွဲ့ဝင်များသာ ပါဝင်ရန် အဖွဲ့ချုပ်ဝင်မဟုတ်သူများ လက်မှတ်မရေးထိုးရန် တားမြစ်ပိတ်ပင်မှုများ ပြုလုပ်လျက်ရှိသည်ဟု သိရှိရသည်။❖

# ဒေါ်စုလွှတ်ပေးရေး ကိုဖီအာနန်၏ တောင်းဆိုချက် မွန်ပြည်သစ်ပါတီနှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ တို့က ကြိုဆို

ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန်နှင့် အမျိုးသားညီလာခံတွင် စစ်မှန်သောကိုယ်စားလှယ်များ ပါဝင်စေရေးကို တောင်းဆိုလိုက်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ကြေညာချက်ကို နအဖနှင့် အပစ်အခတ် ရပ်စဲထားပြီး ပြန်လည်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့တက်ရောက်ခဲ့သည့် မွန်ပြည်သစ်ပါတီနှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့တို့က ကြိုဆိုထောက်ခံခဲ့ကြသည်။

ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ကိုဖီအာနန်၏ တောင်းဆိုမှုသည် ယင်းတို့၏သဘောထားနှင့် တူညီကြောင်း၊ အမျိုးသားညီလာခံသို့ အဲန်အယ်လ်ဒီကိုယ်စားလှယ်များတက် ရောက်နိုင်ရန်လိုအပ်၍ စစ်ခေါင်းဆောင်များနှင့် အဲန်အယ်လ်ဒီတို့ပြေလည်မှုရအောင် ညှိနှိုင်းသင့်ကြောင်း၊ ကုလသမဂ္ဂပါဝင် ကူညီမည်ဆိုပါက ပြုပြင်ပြောင်းလဲမှုအမြန်ဆုံးဖြစ်ပေါ်လာမည်ဟုယူဆကြောင်း ပြောဆိုခဲ့သည်။

မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူးနိုင်ဟံသာကလည်း နအဖဦးဆောင်ကျင်းပနေသောညီလာခံတွင် ပါသင့်သည့် အစစ်အမှန်ကိုယ်စားလှယ်များ မပါဝင်သည့်၍ နိုင်ငံရေးပြဿနာများဖြေရှင်းရာတွင် မထိရောက်ကြောင်း၊ ထို့ကြောင့် စစ်မှန်သောကိုယ်စားလှယ်များပါဝင်ရေးကို စဉ်းစားသင့်ကြောင်း ပြောကြားခဲ့သည်ဟု ဒီဗွီဘီသတင်းအရ သိရသည်။

ညောင်နှစ်ပင်ညီလာခံ ပြန်လည်မစတင်မီ ဖက်ဒရယ်မူ (၇) ချက်ကိုတင်ပြခဲ့သည့် အပစ်ရပ် (၁၃)ဖွဲ့စလုံး ပါဝင်သော စုံညီအစည်းအဝေးတရပ်ကျင်းပရန် စီစဉ်နေကြောင်း နအဖကို ကြိုတင်အသိပေးခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိကြောင်း သိရသည်။ ❖

**ရတ်မတ်ကို ဆန့်ကျင်**
**သုံးပွင့်ဆိုင်ကို မြှင့်တင်**

# ရန်ကုန်တိုင်း၊ ဗဟန်း မဲဆန္ဒနယ် အမှတ်(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မောင် ကွယ်လွန်



ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်

အဖွဲ့ချုပ်ထိပ်တန်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မောင် အသက်(၈၆)နှစ်သည် နှလုံးရောဂါဝေဒနာဖြင့် ရန်ကုန်မြို့ နေအိမ်တွင် ယခုလ(၁၉)ရက်နေ့ နေ့လည်ပိုင်းက ကွယ်လွန်သွားကြောင်း သိရသည်။

ယခုလို ဦးကြည်မောင်ကွယ်လွန်သွားခြင်းအတွက် ဖက်ဆစ်တော်လှန်ရေးကာလနှင့် တက္ကသိုလ်သမဂ္ဂတို့တွင် လက်တွဲဆောင်ရွက်ခဲ့သူ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ နိုင်ငွေသိန်းနှင့် ဇိုမီးအမျိုးသားများကွန်ဂရက်ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်တို့က ဦးကြည်မောင်ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းထုတ်ဖော် ပြောဆိုခဲ့ကြသည်။

အလားတူ ပြည်ပရောက် ဒီမိုကရေစီအင်အားစုများဖြစ်ကြသည့် မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ အပါအဝင် အဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့တို့က ဦးကြည်မောင်ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာများ ထုတ်ပြန်ခဲ့ကြသည်။

**ကိုယ်ရေးမှတ်တမ်းအကျဉ်း**

ဦးကြည်မောင်သည် ညောင်တုန်းမြို့နေ အဘ ဦးဘိုးသိန်း၊ အမိ ဒေါ်ငွေခင်တို့၏ သားဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ်မှ(၁၀)တန်း စာမေးပွဲအောင်မြင်သည်။ ၁၉၃၇ – ၃၈ – ၃၉ နှစ်များတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ဦးအောင်ဆန်းလက်အောက်တွင်လည်းကောင်း ဆက်လက်၍ သမဂ္ဂ ဥက္ကဋ္ဌ ဦးလှရွှေနှင့်လည်းကောင်း သမဂ္ဂအလုပ်အမှုဆောင်တဦးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဘီအေနောက်ဆုံးနှစ်အထိ သင်ကြားခဲ့သည်။

၁၉၄၁ ခုနှစ်၊ ဧပြီလတွင် ဘီအိုင်အေတပ်သို့ ဝင်ရောက်ခဲ့ပြီး၊ မင်္ဂလာဒုံ ပထမ အပတ်ဗိုလ်သင်တန်းတက်ရောက်ခဲ့သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ၊ ဂျပန်ပြည် ဘုရင့်တပ်မတော် စစ်တက္ကသိုလ်သင်တန်း အမှတ်(၅၇) တက်ရောက်၍ အောင်မြင်ပြီးနောက် ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် ဗမာ့တပ်မတော် တပ်ရင်း(၅)တွင် ပြန်ထမ်းဝင်အရာရှိအဖြစ် အမှုထမ်းခဲ့ပါသည်။

(၁၉၄၇)ခုနှစ်တွင် အင်္ဂလန်ပြည်တွင် သင်တန်းတက်ခဲ့ပြီး ၁၉၅၅ – ၅၆ ခုနှစ်တွင် အမေရိကန်ပြည် ဖိုဒ့်လဲဗင်းဝပ်ရှိ ကွပ်ကဲမှုနှင့် စစ်ဦးစီးတက္ကသိုလ်တွင် ပညာသင်ခဲ့ယူခဲ့သည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး(၁၉၅၈–၆၀)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး (၁၉၆၁–၆၃)အဖြစ် အမှုထမ်းခဲ့ပြီး ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် အနားယူခဲ့ပါသည်။

အနားယူခဲ့ပြီးနောက် မည်သည့်ပါတီ၊ ကောင်စီနှင့်ဘုတ် ကော်ပိုရေးရှင်းများတွင်မှ တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ချိန်မှစ၍ သုတေသန ဌာနမှူးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

❖

# အမျိုးသားညီလာခံနှင့် လမ်းညွှန်မြေပုံအား ယုံကြည်မှုမရှိ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးတောင်းဆို

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အဲန်အယ်လ်ဒီနှင့် အခြားနိုင်ငံရေးပါတီများ၏အမြင်သဘောထားများ မပါဝင်သော နအဖ၏အမျိုးသားညီလာခံနှင့် လမ်းပြမြေပုံအပေါ် ယုံကြည်မှု ကင်းမဲ့နေကြောင်း ဩဂုတ်လ(၁၇)နေ့က ၎င်း၏ ပြောခွင့်ရပုဂ္ဂိုလ်ကကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် ကိုဖီအာနန်သည် အဲန်အယ်လ်ဒီနှင့် အခြားနိုင်ငံရေးပါတီများ၏ အမြင်သဘောထားများမပါဝင်သော အမျိုးသားညီလာခံနှင့်လမ်းပြမြေပုံအပေါ် ယုံကြည်မှုကင်းမဲ့နေကြောင်းဖော်ပြထားပြီး ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေး၍ မြန်မာပြည်၏အကျိုးစီးပွားအတွက် အတူတကွ လက်တွဲအလုပ်လုပ်ရန် ဆော်ဩခဲ့သည်ဟု သိရသည်။ ထို့ပြင် အာဆီယံနိုင်ငံများ အနေဖြင့်လည်း မြန်မာ့ဒီမိုကရေစီ ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်သင့်ကြောင်း ထောက်ပြပြောဆိုလိုက်သည်။

ဆက်လက်၍ လက်ရှိကျင်းပနေသော အမျိုးသားညီလာခံသည် ကုလသမဂ္ဂ အထွေထွေညီလာခံများမှ ချမှတ်ထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာဆုံးဖြတ်ချက်များကို လေးစားလိုက်နာမှုမရှိသေးကြောင်း ထပ်မံဖော်ပြထားပြီး ပြည်တွင်းရှိ အပစ်အခတ်ရပ်စဲရေး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်ရရှိရေးကိုပါ လုပ်ဆောင်သွားရန် တောင်းဆိုထားသည်။ ထို့ပြင် ၁၉၉၀–ပြည့်ရွေးကောက်ပွဲအနိုင်ရ အဲန်အယ်လ်ဒီ မပါဝင်ပါက အမျိုးသားညီလာခံနှင့် လမ်းပြမြေပုံကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံမည်မဟုတ်ဟု အတွင်းရေးမှူးချုပ်ကသတိပေးခဲ့ပြီး ၎င်း၏အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ် မြန်မာနိုင်ငံသို့ အမြန်ဆုံးသွားခွင့်ရရန် တိုက်တွန်းတောင်းဆိုခဲ့သည်။

ထိုကြေညာချက် ထုတ်ပြန်ပြီး (၂)ရက်အကြာတွင် နအဖက ကြေညာချက်တစောင်ထုတ်ပြန်၍ တုံ့ ပြန်ခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်၏ အမြင်သဘောထားကို မိမိတို့က နှစ်ထောင်းအားရ ပြီး လေးစားကြောင်း၊ အပြု သဘောဆောင်သော မှတ် ချက်များ၊ အကြံပြုချက်များ မှန်သမျှကို မြန်မာအစိုးရက ကြိုဆိုကြောင်း၊ အားလုံး၏ ရည်မှန်းချက်ပန်းတိုင်ကို ရှေ့ရှုချီတက်လာသည်နှင့်အညီ ထိုအကြံပြုချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ထိုကြေညာချက်၌ ဒေါ်အောင်ဆန်းစုကြည်၏အမည်ကိုဖော်ပြခြင်း၊ အဲန်အယ်လ်ဒီပါတီကို ဖော်ညွှန်းခြင်း၊ ဘယ်နေ့ ဘယ်ရက်တွင် ဘာလုပ်ပေးမည် စသည့် အချက်များ မပါရှိဟု သိရသည်။

ကိုဖီအာနန်၏ထုတ်ပြန်ကြေညာချက်နှင့်စပ်လျဉ်း၍ အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က မြန်မာပြည်အရေးသည် အာဆီယံနိုင်ငံများ၏ကြားဝင်ပေးမှုပေါ်တွင် အခြေခံကြောင်း သုံးသပ်ခဲ့သည်။ သို့သော် အာဆီယံနိုင်ငံများထဲတွင် ဖိလစ်ပိုင်မှလွဲ၍အခြား နိုင်ငံများက အဲန်အယ်လ်ဒီ က ို ချဉ်းကပ်လေ့မရှိဟု သိရသည်။ ❖





မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နအဖက နိုင်ငံရေးအကျဉ်းသားများအပေါ် အာဃာတဖြင့် နှိပ်စက် သက်ကြီးနိုင်ငံရေးသမားများ ကျန်းမာရေးဆိုးရွားနေသော်လည်း ပြန်လွှတ်ပေးခြင်းမရှိ



ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ်
အဲန်အယ်လ်ဒီ ဥက္ကဋ္ဌ ဦးစောနေဒွန်း

ပြီးခဲ့သည့်သတင်းပတ်အတွင်း အစာမဝင်တော့၍ မိသားစုနှင့် ထောင်စာတွေ့ချိန်တွင်ပင် စကားတခွန်းမှမပြောနိုင်ဘဲ ပြန်လှည့်ထွက်ခဲ့ရသည့် ဒီမိုကရေစီ ဥက္ကဋ္ဌ ဦးထွေးမြင့်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာမှုကြောင့် ICRC ကြက်ခြေနီအဖွဲ့က ဝင်ရောက်တွေ့ဆုံခဲ့သည့် အဆင့်အထိဖြစ်ခဲ့ရသည်ဟု သတင်းများအရ သိရှိရသည်။ ဦးထွေးမြင့် အပါအဝင် ကျန်းမာရေးချို့ယွင်း၍ အသက်ကြီးရင့်သူများကို လူသားချင်းစာနာထောက်ထားစိတ်နှင့် ချက်ချင်းခြွင်းချက်မရှိ ပြန်လည်လွှတ်ပေးပါရန် လန်ဒန်အခြေစိုက် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ ပြောရေးဆိုခွင့်ရှိသူ မစ္စကတ်သရင်းက စစ်အုပ်စုကို တောင်းဆိုခဲ့သည်။ ဦးထွေးမြင့်သည် မူလအမှုဟောင်းဖြင့် လွတ်ရက်စေ့သော်လည်း ပြန်မလွှတ်ဘဲ ပုဒ်မ ၁၀(က)ဖြင့် ဆက်လက်ထိန်းသိမ်းခံနေရပြီး ယခုအခါ အင်းစိန်ထောင်ဆေးရုံပေါ်တွင် ဆေးကုသမှုခံယူနေရသည်။

ထို့အပြင် ယခုအခါ (၈၄)နှစ်အရွယ်ရှိ ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် အဲန်အယ်လ်ဒီ ဥက္ကဋ္ဌ ဦးစောနေဒွန်းသည် ၃၀၊ ၄၊ ၉၁ နေ့မှစ၍ သာယာဝတီထောင်တွင် ပုဒ်မ ၅(ည)နှင့် ထောင်ဒဏ်နှစ်(၂၀)ကျခံနေရဆဲဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး စစ်အာဏာရှင်စနစ်ကို ပြတ်သားစွာဆန့်ကျင်တိုက်ခိုက်ခဲ့သူဖြစ်သဖြင့် စစ်အုပ်စုက အာဃာတဖြင့် ကျန်းမာရေးနှင့်အသက်အရွယ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆက်လက်ချုပ်နှောင်ထားဆဲဖြစ်သည်။ ပြီးခဲ့သည့်မတ်လအတွင်းက ဦးစောနေဒွန်း၏ဇနီး ဒေါက်တာဒေါ်သန်းခင်(အသက် ၈၄) နှစ်ကွယ်လွန်စဉ် အသနားခံစာတင်သွင်းပါက လွှတ်ပေးမည်ဟု သွေးဆောင်စည်းရုံးခဲ့သော်လည်း ဦးစောနေဒွန်းက တင်သွင်းခြင်းမပြုဘဲ သေသည့်အထိ တိုက်ပွဲဝင်သွားမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးအကျဉ်းသားများကို ပြောပြခဲ့သည်ဟု လွတ်မြောက်လာသူနိုင်ငံရေးအကျဉ်းသားအချို့က မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

# ကေအဲန်ယူ နှင့် နအဖ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲရှေ့တလှမ်းတိုးနိုင်ဖွယ် မမြင်သေး

ယမန်နှစ် ဒီဇင်ဘာလက ကေအဲန်ယူ ဒုဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမြ၏ ရန်ကုန်ခရီးစဉ်မှ စတင်ခဲ့သော ကေအဲန်ယူနှင့် နအဖ အပစ်အခတ်ရပ်စဲရေးသည် (၈)လအတွင်း တိုးတက်မှုတစုံတရာမရှိဘဲ တုံ့ဆိုင်းနေကြောင်း ကရင်အရာရှိတဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကို နှုတ်ကတိဖြင့် သဘောတူထားသော်လည်း နှစ်ဖက်တပ်များနေရာချထားညှိနှိုင်းကြရာတွင် အမျိုးသားလုံခြုံရေးအကြောင်းပြချက်ဖြင့် အချက်အခြာစခန်းတချို့ရုပ်သိမ်းပေးရန် နအဖက ငြင်းဆန်လျက်ရှိသည့်အပြင် ကော်သူးလေဒေသတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရရှိမီက နအဖ တပ်ရင်းပေါင်း ၁၂၀ ကျော်ရှိရာမှ ယခုအခါ ၁၃၀ ကျော်အထိ တိုးလာသည်ဟု ဆိုသည်။ ရှေ့တန်းရိက္ခာပို့မှုကိုလည်း အပစ်အခတ်ရပ်စဲရေးအခြေအနေကို အခွင့်ကောင်းယူ၍ယခင်ထက်ပိုမိုစောလျင်စွာ ရိက္ခာများချထားနိုင်ပြီး နယ်စပ်တလျောက်လမ်းဖောက်လုပ်မှုနှင့် ခံကတုတ်များအား ပြင်ဆင်မှုများပြုလုပ်လျက် ရှိသည့်အတွက် ကရင်လွတ်မြောက်ရေး တပ်မတော်အတွင်း ယုံကြည်မှုပိုမိုကင်းမဲ့လာသည်ဟု ကရင်စစ်အရာရှိတဦးက မိုးကြိုးသို့ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း အမှတ်(၁၀)တပ်ရင်းမှူး ဗိုလ်မှူးကြီး ဖောနီ ဦးဆောင်သည့် စစ်ဖက်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ရန်ကုန်သို့ သွားရောက်ခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးမှုများ မရှိခဲ့ကြောင်းသိရသည်။ ကေအဲန်ယူတွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးကြီး တူးတူးလေးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ပြီးခဲ့သည့် မတ်လက သွားရောက်ဆွေးနွေးခဲ့သော်လည်း မယ်မယ်ရရ ရလဒ်ပေါ်ထွက်မလာခဲ့ဟု သိရသည်။

မြန်မာနိုင်ငံရေး အခြေအနေကို အစဉ်တစိုက်လေ့လာနေသူ အဖွဲ့ချုပ်ခရမ်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်ကမူ နအဖညီလာခံရပ်နားနေစဉ်အတွင်း ကေအဲန်ယူနဲ့ဟန်ပြဆွေးနွေးမှုတချို့ လုပ်လာနိုင်တယ်။ သူတို့က နောက်ဆုံးအချိန်အထိ ကြိုးစားကြည့်ပါသေးတယ်ဆိုတဲ့အချက် သမိုင်းမှာပြောစရာကျန်အောင်သက်သက်ပဲ ရည်ရွယ်လုပ်မှာ။ အမှန်ကတော့ KNU, SSA နဲ့ KNPP တို့ကို ချေမှုန်းပစ်ဖို့ စီစဉ်နေပြီ။ ဒါကို လမ်းပြမြေပုံအဆင့်(၂)ဖြစ်တဲ့ စည်းကမ်းရှိတဲ့ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက်လိုအပ်သော ဆောင်ရွက်ဖွယ်ရာအဆင့်ဆင့်အနေနဲ့ အကောင်အထည်ဖော်မှာဖြစ်တယ်။ အလားတူ ထိုအဆင့်တွင် အပစ်အခတ်ရပ်အဖွဲ့များကိုလည်း လက်နက်ဖြုတ်လိုက်ပြီး ပုလိပ်လုပ်ခိုင်းလိမ့်မယ်ဟု ဝေဖန်ထောက်ပြခဲ့သည်။

အတည်ပြုချက်မရသေးသော သတင်းများအရ နအဖထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးစန်းပွင့်က ယခုလ(၂၈)ရက်နေ့တွင် မဲဆောက်သို့ရောက်လာပြီး၊ ကေအဲန်ယူခေါင်းဆောင်အချို့နှင့်တွေ့ဆုံကြောင်း သတင်းရရှိသည်။ ❖

# (၁၃)နှစ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာပွဲ စည်းကားသိုက်မြိုက်စွာကျင်းပ

ဩဂုတ် (၃၀)ရက်နေ့တွင် ကျရောက်သော (၁၃)နှစ်မြောက် ကရင်အမျိုးသားများ၏ (၁၃)နှစ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အထူးသဖြင့် မဲဆောက်မြို့ တောရကျောင်းတွင် ကရင်အမျိုးသား ၅,၀၀၀ ခန့်၊ ဘန်ကောက်မြို့ စိန့်ဂျိုးဇက် ဘုရားကျောင်းတွင် တသောင်းခန့်နှင့် နောင်ဘွားကျေးရွာတွင် ၂,၀၀၀ ခန့် တက်ရောက်ကြသည်ဟု သတင်းများအရ သိရသည်။



ယင်းလက်ချည်ပွဲအား ကရင်အမျိုးသားထုအတွင်း စည်းလုံးညီညွတ်စွာ နေထိုင်လုပ်ရှားခြင်း၊ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြင့် နေထိုင်ရန်အားထုတ်ကြိုးပမ်းခြင်း၊ မိမိ၏အမျိုးသားရေး စိတ်ဓာတ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ တိုးတက်ပွားများ ရှင်သန်နိုးကြားစေခြင်းများကို ပြန်လည် လှစ်ဟနိုးဆွပေးခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ပရောက် ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့ (OKRSO) ဒု ဥက္ကဋ္ဌ မန်းမျိုးမြင့်က ထုတ်ဖော်ပြောကြားသည်။ ❖

# ပြည်သူချစ်သော ကဗျာစာဆို၊ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆရာကြီး မင်းသုဝဏ် ကွယ်လွန်

ကဗျာဆရာကြီး မင်းသုဝဏ် အမည်ဖြင့်ထင်ရှားသော ဝဏ္ဏကျော်ထင် သီရိပျံချီဦးဝန်(ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)သည် ယခုလ (၁၅)ရက်နေ့ နေ့လည်ပိုင်းက ကမာရွတ်နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။




ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဦးဝန်ကို ၁၉၀၉–ခုနှစ်ဖေဖော်ဝါရီလတွင် ကွမ်းခြံကုန်းမြို့နေ အဖ ဦးလွမ်းပင်၊ အမိဒေါ်မိတို့မှ မွေးဖွားခဲ့သည်။ ကွမ်းခြံကုန်းမြို့ ရွှေကျင်ကျောင်းတိုက်နှင့် အမျိုးသားကျောင်း၊ ရန်ကုန်မြို့ စိန့်ဂျွန်းကော်လိပ်တို့၌ ပညာဆည်းပူးခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ၁၉၃၃ ခုနှစ်တွင် မြန်မာစာဂုဏ်ထူးတန်း၊ ၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာ ဂုဏ်ထူးတန်းတို့ကို အောင်မြင်ခဲ့သည်။ ထို့နောက် အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ်မှ B.Lit ခေါ် စာပေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝ၌ မြန်မာစာအသင်းနှင့် ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊ တက္ကသိုလ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့၌ စာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ဆရာဇော်ဂျီနှင့်အတူ ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်ခဲ့ပြီး အမျိုးသားစိတ်ဓာတ်နှိုးဆွပေးသော ကဗျာများကို ရေးဖွဲ့ခဲ့သည်။ ထင်ရှားသော ကဗျာများမှာ ‘သပြေညို’ ကဗျာနှင့် ‘ပျဉ်းမငုတ်တို’ ကဗျာများဖြစ်သည်။

၁၉၃၁ ခုတွင် ကွမ်းခြံကုန်း အမျိုးသားကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၃၃ ခုတွင် ရန်ကုန်တက္ကသိုလ်နည်းပြဆရာမှ ပါမောက္ခအထိ နိုင်ငံတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၅ ခုတွင် ဂျပန်နိုင်ငံအိုဆာကာ ဘာသာခြားသင်တက္ကသိုလ်တွင် (၄)နှစ်ကြာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် အမျိုးသားစာပေ ယဉ်ကျေးမှုရေးရာ ကဗျာ၊ စကားပြေ၊ ဝတ္ထုဆောင်းပါးများစွာနှင့် တက္ကသိုလ်အဘိဓာန်၊ မြန်မာ–ဂျပန်အဘိဓာန်ကျမ်းကြီးများ၊ မြန်မာစာသင်ပုန်းကြီးင့် ကျောင်းသုံးမြန်မာဖတ်စာစာအုပ်များ၊ ဝ–ထ–က–လ–သ အခြေခံ ‘အ’သုံးလုံး သက်ကြီးဖတ်စာ၊ မျက်မမြင်များအတွက် မြန်မာစာရေးနည်းစသော နိုင်ငံနှင့်လူမျိုး အကျိုးပြုစာပေများကို ရေးသားပြုစုခဲ့သည့်အပြင် ရှေးဟောင်းမြန်မာစာပေများကို ဖော်ထုတ်၍ တည်းဖြတ်ပေးခဲ့သည်။

ဆရာကြီးသည် ခေတ်အဆက်ဆက်တွင် အမျိုးသားနိုင်ငံရေးကို စာပေကဏ္ဍဖြင့် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့ပြီး ၁၉၈၈ ခု၊ ဒီမိုကရေစီလှုပ်ရှားမှုမှပေါက်ဖွားခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီး စတင်ဖွဲ့စည်းချိန်တွင် အားပေးထောက်ခံခဲ့သည်။

၁၉၉၀ ပြည့် မေလရွေးကောက်ပွဲတွင် ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

အာဏာပိုင်များက ဆရာကြီးအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်ရန် စေခိုင်းခဲ့ရာတွင် ..... ဆရာကြီးက “ငါ့ဟာငါ လုပ်တာ မဟုတ်ဘူး၊ လူတွေရွေးထားတာ၊ ပြည်သူတို့လမ်းကြောင်းအတိုင်း ငါရပ်တည်နေရမယ်၊ အဲန်အယ်လ်ဒီ အဖွဲ့ဝင်တာကတော့ ငါ့သဘောနဲ့ငါဝင်တာ၊ မင်းတို့ထွက်မခိုင်းလည်း ငါထွက်ချင်ထွက်မယ်” ဟု ပြန်လည်ပြောကြားခဲ့ဖူးကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးဖြစ်သူ ဦးလွင်က ဝမ်းနည်းကြေကွဲမှုနှင့် ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

❖

# ကေအဲန်ယူနှင့် နအဖ တပ်များ တိုက်ပွဲဖြစ်ပွား

၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့သည့် ကေအဲန်ယူနှင့် နအဖတို့အကြား နှုတ်ကတိဖြင့် အပစ်ခတ်ရပ်စဲရေးသည် (၈)လကြာသည့်တိုင် အောင်မြင်မှုမရှိသေးဘဲ တိုက်ပွဲများဖြစ်ပွားလျက် ရှိနေသေးသည့်အတွက် စိတ်ပျက်ရကြောင်း ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော် အရာရှိတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဩဂုတ်လ(၂၉)ရက်နေ့တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ခလရ(၂၈၃)နှင့် ကေအဲန်အယ်လ်အေ တပ်မဟာ(၆)မှ တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နအဖတပ်မှဗိုလ်မှူး အောင်ကျော် အပါအဝင်(၆)ဦး သေဆုံးပြီး (၅)ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါ အရာရှိက ပြောကြားခဲ့သည်။ ထို့ပြင် ကျယ်ပြန့်သည့် ကော်သူလေနယ်မြေအတွင်း နအဖတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းမသွားဘဲ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်ကြောင်း၊ ဟန်ပြအပစ်အခတ်ရပ်စဲရေးအပေါ် ကရင်ပြည်သူလူထုက မေးခွန်းထုတ်လာပြီဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

❖

# အစိမ်းပုပ်ရောင်အုတ်ရိုး

## သေးသိုန့်ဟောင်အိမ်ရဲ့ ရင်ခုန်ခြင်းရသ

သီဟကျော်
(မဲဆောက်)

**ဒီနေ့အတွက်ရွေးချယ်ထားတဲ့ အကျဉ်းသားတယောက်ကို အခန်းထဲကထုတ် ခါးကို ကြိုးတုတ်၊ ဒူးထောက် ခြေဖျားကိုခေါက်၍ မိုးကောင်းကင်ဘက်ပင့်၊ မြေကြီးနဲ့ လုံးဝမထိရ၊ လက်နှစ်ဖက်ကို တံတောင်ဆစ်ချိုးမြှောက်၊ လက်ဖဝါးကို ကောင်းကင်ဘက်သို့ ပက်လက်လှန်လက်ဝါးဖြန့် သီချင်းမဆိုနဲ့ဦး၊ စမ်းလျှောက် ဒူးနဲ့တံတောင်ဆစ်နဲ့သာ မြေကြီးနဲ့ ထိတွေ့ပြီး လျှောက်ရတယ်။ ဆီမီးခွက်အက လို့ခေါ်တယ်။ ယိုင်နဲ့သွား၊ ယိုင်လဲသွားရင် ဝါးဆစ်ပိတ်နဲ့ရိုက်၊ ဒီလိုမျိုးလျှောက်ခိုင်းပြီး လမ်းလျှောက်မှန်သွားပြီဆိုတော့ အကျဉ်းသားခများလည်း ဒူးဆစ်တွေ သွေးချင်းချင်းနီ စုတ်ပြတ်နေရော၊ သည်တော့မှ တွံတေးသိန်းတန်ရဲ့ ‘စာဥ သီချင်းကို ဆိုခိုင်း၊ ထစ်နေရင်ရိုက် တခါထစ်ရင် တခါရိုက်၊ နှစ်ခါထစ်ရင် နှစ်ခါ ရိုက်၊ ဆဲတယ်၊ ဆိုတယ်၊ အော်တယ်၊ ဟစ်တယ်’ ငြီးတွားသံတခုလုံးက တိုက်(၂၂)ခန်းမှာ ညံညံစီတော့တယ်။**

အဲဒီနေ့
တောင်ဆီက မိုးတွေညို
ငိုမလိုနဲ့ တိမ်ခိုးတသိုက်ကြွေကျ
အလှတရားမဲ့နေတဲ့ညလို အသံနက်
တွေကို
ငါတို့ရဲဘော်များရဲ့တိုက်ပွဲ ဒီကစခဲ့ပြီ ....

မှတ်မှတ်ရရပါပဲ မိုးဖွဲဖွဲကလေး ရွာနေတယ်။ ကျုပ်တို့စိုက်ထားတဲ့ မုန်ညင်းဖြူ ဟင်းရွက် တောင်ယာခင်းကလေးကလည်း အရွက်နုကလေးတွေ ထိုးထိုးထောင်ထောင်၊ သံဆူးကြိုးတွေ ဝိုင်းရံတုပ်နှောင်ခြင်းခံထားရတဲ့ နိမိတ်ပုံကတော့၊ လူတွေတင်မကဘဲ အသက်မဲ့သစ်ပင်ကလေးတွေကိုတောင်မှ ဒီခေတ်၊ ဒီစနစ်ကြီးက အကျဉ်းချထားခြင်း ခံနေရတယ်။ အဲဒါ အင်းစိန်သီးသန့်ထောင်ရဲ့ သီးသန့်ဆောင်ရှေ့မိန်းဂျေး (Main Jail)နားက စိုက်ခင်းကလေး၊ ဒါလေးကို ကျုပ်တို့စိုက်ပျိုးရေးဝါသနာပါသူ နိုင်ငံရေးအကျဉ်းသားတွေက နည်းမျိုးစုံသုံးပြီး စိုက်ခင်းကလေး ဖြစ်အောင်လုပ်ထားရတာ။ ဒီအခင်းလေးကထွက်တဲ့ ဟင်းရွက်ကလေးကိုတော့ အကျဉ်းသားအားလုံး ဝေခြမ်းမျှတပြီး စားကြရတယ်။ ကျုပ်မျက်လုံးထဲမှာ မြင်နေတယ်။ သံတိုင်တံခါးပေါက်ရှေ့ တန်းစီရေအိုးတွေရဲ့ဘေးမှာ ဝေခြမ်းရေးရဲဘော်ကလိုက်ဝေထားတဲ့ စိမ်းဖန့်ဖန့် ဟင်းရွက်ပုံကလေးတွေ။

အဲဒီရေအိုးလေးတွေပေါ့။ သောက်ရေကို အကြောင်းပြ ပြဿနာရှာပြီး၊ ခါတိုင်းရေကို သူတို့ထည့်ပေးနေကြ၊ "ခုအချိန်ကစပြီး ကိုယ့်ဖာသာကိုယ် ထည့်ကြပေါ့" ဒီညွှန်ကြားချက်ကြောင့် တယောက်တခွန်း လက်မခံကြတဲ့ စကားလုံးတွေနဲ့ အာဏာပိုင်ဝန်ထမ်းကို ပြန်ပက်ကြတယ်။ သိပ်မကြာခင်မှာပဲ ကျောင်းသားရဲဘော်ကျော်စိုးနဲ့ စကားများတယ်။ တပ်ကြပ်တင်ယုက ဆဲတယ်။ မဆဲဖို့ လူလိုဆက်ဆံဖို့ ပြောကြတယ်။ မရဘူး ဆက်ဆဲတယ်။ ကျုပ်တို့လည်း မခံတော့ဘူး။ ဝိုင်းအော်ကြတယ်။ ထောင်ဝါဒါ ထွက်ပြေးသွားတယ်။ ခဏကြာတော့ သံတံခါးတွေ အကုန်ပိတ်လိုက်တယ်။ တယောက်မှ လမ်းမလျှောက်ကြနဲ့တော့ အကုန်ပြန်တက်။ နောက်နေ့လည်း မဆင်းရတော့ဘူး။ စိုက်ခင်းသမားတွေလည်း မဆင်းနဲ့တော့။ ဒီအကွက်ကို ကျုပ်တို့မြင်ပြီးသား။ ဟင်းရွက်စိုက်ခင်းကလေးတွေ ကောင်းလာပြီဆိုမှဖြင့် သူတို့ မျိုဖို့ဆို့ဖို့ သိမ်းချင်ကြတယ်။ ဖက်ဆစ်ပဒေသရာဇ်ကြီးနေဝင်းတို့၊ ဒူးမနာသားခင်ညွန့်တို့လိုပဲ။ လယ်သမားတွေ စိုက်ပျိုးထားတဲ့လယ်ကထွက်တဲ့စပါးတွေကို "မသွင်းမနေရ ထင်တိုင်းကျဲ လုယက်သလိုမျိုးပေါ့"

အဲဒီနေ့မနက်မှာပဲ ကျုပ်တို့ တိုင်ပင်ကြတယ်၊ စည်းဝေးကြတယ်ပေါ့။ ပထမအဆင့်အနေနဲ့ ထောင်အာဏာပိုင်ရဲ့ အမြင့်ဆုံးညွှန်ကြားရေးမှူးနဲ့တွေ့ဖို့ တောင်းဆိုမယ်။ ထောင်ပိုင်တန်းစီ ထောင်ပိုင်ကြီး သာဦး လှည့်တဲ့အခါမှာ လူ(၇)ယောက် ညှိနှိုင်းပြီး ရွေးတယ်။ မတင်ချင်လို့ သဘောထားမပေးရင် ပြဿနာမရှိဘူး။ သဘောထားလက်ခံပြီးတဲ့အတိုင်း (၇)ဦးတင်မယ်လို့ တောင်းဆိုမှာတွေက ....

(၁)အကျဉ်းသားတွေရဲ့ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးအပြည့်အဝပေးဖို့။ (ဥပမာ) ဆေးကုသမှု လျော့ရဲရဲဖြစ်လို့ ဦးကင်းစိန်သေဆုံးသွားသလိုမျိုး၊

(၂) နိုင်ငံရေးအကျဉ်းသားတွေရဲ့Jail Manual ပါ အခွင့်အရေးအပြည့် အဝရရှိဖို့၊

(၃) လက်ရှိအခြေအနေ (က) လမ်းပြန်လျှောက်ခွင့်ရဖို့၊ (ခ)စိုက်ခင်း ပြန်လည်လုပ်ခွင့်ရဖို့၊

နောက်တနေ့မနက် (၇)နာရီ ထောင်ပိုင်ကြီးတန်းစီမှာ ကျုပ်တို့တင်မယ်လို့ ဆုံးဖြတ်ထားတဲ့ (၇)ဦးထဲက (၅)ဦးပဲ တင်တယ်။ ကျန်တဲ့ (၂)ဦးက မတင်ဘူး။ ကိစ္စမရှိဘူး။ ဒီ(၂)ဦးကိစ္စကို ရဲဘော်တွေ ရှင်းလိမ့်မယ်။ ရှိပါစေတော့ ....။

ဒီလို ကျုပ်တို့ရဲ့ တောင်းဆိုမှု ပထမအဆင့်မှာပဲ ကျုပ်ရယ်၊ ကိုဝင်းကြည် (ပြည်)၊ မောင်မှိုင်း၊ ဘိုဘိုဟန်၊ ကျော်စိုး၊ ကျုပ်တို့ (၅)ယောက်၊ ည (၁၀)နာရီမှာ သံတံခါးဖွင့်၊ အဝတ်နက်ခေါင်းစွပ်ပြီး ခေါ်ထုတ်သွားတယ်။ ပထမတော့ ဘယ်သူတွေပါမှန်း မသိရဘူး။ နောက်မှသိရတာ။ ကားပေါ်မှောက်လျက်ပါသွားပြီး ထောင်မကြီး ထောင်ဗူးတံခါးမကြီးမှာ ငုတ်တုတ်ပုံစံ ထိုင်ခိုင်းတယ်။ အမှတ်မထင်ဝိုင်းပြီး တယောက်ကို တချက်နှစ်ချက်စီ ထိုးကြတယ်။ ကျုပ်တို့ ဘာအပြစ်ရှိလို့လဲဆိုတော့ ကိုယ့်အပြစ်ကို ကိုယ်မသိကြဘူးလားလို့ ပြန်မေးတယ်။ ကျုပ်တို့ဘာအပြစ်မှ လုံးဝမရှိဘူးလို့ ပြောကြရင်း ဝါဒါတွေ အုပ်လိုက်ဝင်လာတယ်။ နောက်ခေါင်းစွပ်တွေနဲ့ပဲ ခေါ်ထုတ်တယ်။

"ဒါ ယုဝတီတိုက်ပဲ မှတ်ထားကြ၊ စစ်ခွေးတိုက်ထက် ဆိုးတယ်။ မသိရင် မှတ်ထားကြ။ နာမည်ခေါ်ရင်"ရှင်"လို့ ထူး၊ မထူးရင် သေပြီသာမှတ်"ထောင်ဝါဒါတဦးက ပြောတယ်၊ ကျုပ်တို့ရှေ့က အဝင်အဝမှာတခြားရာဇဝတ်အကျဉ်းသားတယောက်ကို ရှေ့ကဝင်ခိုင်းပြီး နမူနာပုံစံ နာမည်ခေါ်တယ်။ ဘယ်သူပါရှင့်လို့ ထူးသံကြား မိလိုက်တယ်။ "တိုးတယ်" ဆိုပြီး ရိုက်ပြတယ်။ ရှေ့ဆုံးက ဘိုဘိုဟန်လို့ ယူဆရတယ်။ နာမည်ခေါ်တယ် မထူးဘူး။ နောက်တယောက် မထူးဘူး။ ကျုပ်အလှည့် မထူးဘူး။ နောက်နှစ်ယောက် မထူးဘူး။ (၅)ယောက်ပြည့်သွားပြီ။ တယောက်မှ မထူးဘူး။ တယောက်ကိုမှလည်း မရိုက်ဘူး။ "ထောင်စကားအရ ဖြဲကြည့်တာမျိုးပေါ့"။

အဲဒီယုဝတီတိုက်မှာ သံတံခါးဖွင့်ပြီး တယောက်တခန်း ဖျာမရှိ၊ စောင်မရှိ ဘာမှမရှိ (အခန်းထောင့်မှာ ဂံဖလားတလုံးသာရှိ) တမံသလင်းပြင်မှာ ပစ္စည်းတခုလို ထည့်ထားလိုက်ကြတယ်။ သီးသန့်က တခြားတိုက်တွေလို အမြင့်(၁၄)ပေလောက်မှာ ဘာလေဝင်ပေါက်မှထားမပေး။ မီးမလင်းဘူး အပြင်က သံတံခါး၊ အတွင်းက သစ်သားတံခါး၊ တံခါးနှစ်ထပ်။ ရေသောက်ချင်ရင် အတွင်းကသစ်သား တံခါးကိုဟပြီး၊ အပြင်သံတံခါးပေါက်ကြားက ရေခွက်ကိုလှမ်းယူပြီး ရေအိုးထဲကရေကို လှမ်းပြီးခပ်သောက်ရတယ်။ ပြီးရင်အတွင်းတံခါး ပြန်ပိတ်။ အဲဒီညဒီလိုပဲနေလိုက်ကြတယ်။ မိုးလင်းလို့ (၇)နာရီမှာ ဂံဖလားသွန်၊ မျက်နှာသစ် ပြန်တက်ဒါပဲ။ တနေ့လုံး ပိတ်ထားတယ်။ ထမင်းစားချိန်မှာတော့ အဝါရောင် မာကျောနေတဲ့ ပုံစံထမင်းပန်းကန်မှာ ငါးပိကပ်ပြီး ဟင်းရွက်ပြုတ်ရည် (အမှိုက်ပြုတ်ရည်)နဲ့ နေ့လည်စာလာကျွေးတယ်၊ ချိုးရေဖြတ်တယ်။ အဆက်အသွယ် ဖြတ်တယ်၊ ဖြတ်နှစ်ဖြတ် လုပ်တယ်။

နံနက်မိုးလင်းလို့ တိုက်(၂၂)ခန်းလုံး ဂံဖလားချ၊ မျက်နှာသစ်လုပ်ပြီးတာနဲ့ ယုဝတီတိုက်ရဲ့ စီမံချက် (တနည်း) ဂက်စတာပိုလ်ရဲခန်းထက်ဆိုးတဲ့ ဖက်ဆစ်ညစ်ပတ်နှိပ်စက်နည်းရဲ့ စီမံချက် စတော့တာပါပဲ။ တိုက်ရှေ့ အုတ်ရိုးဘေးက (၁၀)ပေလမ်းကလေးကို ကျောက်စရစ် အတုံးအချွန်တွေ စနစ်တကျ ဖြန့်ကျဲခင်းပေးထားတယ်။ အဲဒီလမ်းပေါ်မှာ ဒီနေ့အတွက်ရွေးချယ်ထားတဲ့ အကျဉ်းသားတယောက်ကို အခန်းထဲကထုတ်၊ ခါးကို ကြိုးတုတ်၊ ဒူးထောက်၊ ခြေဖျားကိုခေါက်ပြီး မိုးကောင်းကင်ဘက်ပင့်၊ မြေကြီးနဲ့ လုံးဝမထိရ၊ လက်နှစ်ဖက်ကို တံတောင်ဆစ်ချိုးမြှောက်၊ လက်ဖဝါးကို ကောင်းကင်ဘက် ပက်လက်လှန် လက်ဝါးဖြန့်၊ သီချင်းမဆိုနဲ့ဦး၊ စမ်းလျှောက်၊ ဒူးနဲ့တံတောင်ဆစ်သာ မြေကြီးနဲ့ ထိတွေ့ပြီး လျှောက်ရတယ်။ ဆီမီးခွက်အက လို့ခေါ်တယ်။ ယိုင်နဲ့သွား ယိုင်လဲသွားရင် ဝါးဆစ်ပိတ်နဲ့ရိုက်၊ ဒီလိုမျိုး လျှောက်ခိုင်းပြီး လမ်းလျှောက်မှန်သွားပြီဆိုတော့ အကျဉ်းသားခများလည်း ဒူးဆစ်တွေ သွေးချင်းချင်းနီ စုတ်ပြတ်နေရော။ သည်တော့မှ တွံတေးသိန်းတန်ရဲ့ "စာဥသီချင်းကို ဆိုခိုင်း၊ ထစ်နေရင် ရိုက်၊ တခါထစ်ရင် တခါရိုက်၊ နှစ်ခါထစ်ရင် နှစ်ခါရိုက်၊ ဆဲတယ်၊ ဆိုတယ်၊ အော်တယ်၊ ဟစ်တယ်" ညည်းတွားသံ တခုလုံးက တိုက်(၂၂)ခန်းမှာ ညံညံစီတော့တယ်။ အဲဒီ အခန်းတိုင်းမှာရှိနေတဲ့ အကျဉ်းသားတိုင်းရဲ့ရင်ထဲက တိုးတိုးကြိတ်ကြိတ် တောက်ခေါက်သံတွေကလွဲလို့ ဘာကောတတ်နိုင်မှာလဲ။

(၅)ရက်မြောက်တဲ့နေ့မှာတော့ ရေချိုး၊ ဂံဖလားချ၊ ၁၅မိနစ် ပိုရလာတယ်။ လမ်းမလျှောက်ရဘူး၊ ရေချိုးရင်း အဝတ်လျှော် (အဲဒီအချိန်လေးမှာတင် ၅ ယောက်သား စကားစမြည်လေး တခန်းဝင်တခန်းထွက် ပြောရတယ်) တယောက်ပြီးမှ တယောက်ဆင်းရတယ်။ (၅)ယောက်ကို ကြားက ရိုးရိုးအကျဉ်းသား တခန်းစီခြားပြီး ထားထားပေးတယ်။ ထောင်ပိုင်တန်းစီမှာ ဝမ်းလျားမှောက် ဘာပုံစံမှန်း မသိရတဲ့ပုံစံနဲ့ထိုင်ခိုင်း၊ နောက်မှသိရတာက ပုံစံကြီး(ခွေးဝပ်ပုံစံလို့) ခေါ်ကြောင်းသိရ၊ နောက်တနေ့ အဲဒီလိုမထိုင်ကြဘူးလို့ ရေချိုးဆင်းချိန်မှာ ဆုံးဖြတ်လိုက်ကြတယ်။ ထောင်ပိုင်တန်းစီမှာ သီးသန့်တုန်းကလို ရိုးရိုးပုံစံပဲ ထိုင်ကြတယ်။ တက်ဆွဲရိုက်လိုရင်ရိုက်၊ မတတ်နိုင်ဘူးလို့ ဝါဒါကိုပြောလိုက်တယ်။ သူတို့ ဘာမှထပ်မလုပ်ဘူး။ နောက်တပတ် ထောင်ပိုင်တန်းစီမှာတော့ အချက်(၃)ချက်။

(၁)နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊

(၂)နိုင်ငံရေးအကျဉ်းသားတွေရဲ့ အခွင့်အရေးအားလုံးပေးရန်နှင့် မိမိတို့ကို မိမိတို့ နိုင်ငံရေးအကျဉ်းသမားများဆီ ပြန်ပို့ပေးရန်၊

(၃) ယခုချက်ချင်း လက်ရှိ နှိပ်စက်ညှဉ်းပန်းနေတဲ့ ယုဝတီတိုက်ကို ဖျက်သိမ်းပစ်ရန်၊

တောင်းဆိုချက်(၃)ခုကို လက်ရှိထောက်လှမ်းရေးညွှန်ချုပ်၊ လက်ရှိအမြင့်ဆုံး ထောင်ညွှန်ကြားရေးမှူးနဲ့ ကျုပ်တို့ (၅)ယောက်ကို တွေ့ဆုံပေးဖို့ ထောင်ပိုင်ကြီးသာဦး တန်းစီမှာတင်ဖို့ ဆုံးဖြတ်လိုက်တယ်။

အဲဒီအချိန်မှာ တခြားတိုက်က နိုင်ငံရေးအကျဉ်းသားရဲဘော်ကြီးတွေနဲ့လည်း ဆေးလိပ်တို မီဒီယာကတဆင့် အဆက်အသွယ်ရနေပြီ။ ၄တို၊ ၄ရှည်က ရဲဘော်ကြီးတို့နဲ့ ညှိနှိုင်းတယ်။ လက်ခံတယ်။ တွေ့မပေးရင် အစာငတ်ခံတိုက်ပွဲဝင်ဖို့က မောင်မှိုင်းက အဆိုပြုတာ မလုပ်နဲ့။ စိတ်ရှည်ပါ။ သူတို့လည်း ကြိုးစားနေတယ်။ ညွှန်ချုပ်တွေနဲ့ တွေ့ပေးဖို့ တောင်းဆိုချက်ကိုတော့ ထောက်ခံကြတယ်။ "မကြာခင် ယုဝတီတိုက် လွတ်မြောက်ရမယ်" ဘက်ပေါင်းစုံက ဝိုင်းရံ ကြိုးစားနေကြတယ်။ သီးသန့်က ရဲဘော်တွေကလည်း ကြိုးစားနေကြကြောင်း သတင်းပို့ပါတယ်။ ညဘက်တွေမှာ ခွပ်ဒေါင်းနီသီချင်းတွေလို တော်လှန်ရေးသီချင်းတွေနဲ့ ထောင်နံရံတွေပွင့်ထွက်မတတ် သီချင်းဆို အားပေးနေကြတယ်။ တခြားတိုက်တွေက ရဲဘော်တွေရဲ့ တော်လှန်သီချင်းသံတွေဟာ ကျုပ်တို့ရင်ထဲက နှလုံးသားတွေကို **နီရှန်းရဲပ** မာကျောကျစ်လစ်စေပြီး ရင်ခုန်ခြင်းပီတိတွေ ရင်ခုန်ခြင်းအားမာန်တွေဟာ တရိပ်ရိပ်တက်လာတဲ့ မိုးထုထည်ကြီးလို ခိုင်မာလာနေတယ်။ ကျုပ်တို့ (၅) ယောက်ရဲ့ တော်လှန်သီချင်းသံတွေနဲ့လည်း ပြန်လည် အသိအမှတ်ပြုလိုက်ကြတယ်။

ဒီနေ့ ထောင်ပိုင်တန်းစီမှာ(၅)ယောက်စလုံး ဆုံးဖြတ်ချက်အတိုင်း ထောက်လှမ်းရေးညွှန်ကြားရေးမှူးနဲ့ ထောင်ညွှန်ကြားရေးမှူးနဲ့ အမြန်ဆုံးတွေ့ပေးဖို့ မှတ်တမ်းမှတ်ရာ ရေးပေးပါဆိုပြီး တင်တယ်။ တွေ့မပေးရင် အစာငတ်ခံတိုက်ပွဲဝင်မယ်လို့လည်း တင်လိုက်တယ်။ ထောင်ပိုင်သာဦး မှတ်တမ်းမှတ်ရာတော့လုပ်ပေးမယ့် မျက်နှာပေးက မကောင်းဘူး၊ မင်းတို့တွေ့မယ်ဆိုတဲ့ပုံစံမျိုးနဲ့ ထောင်ပိုင်တန်းစီပြီးသွားတာနဲ့ တိုက်ရှေ့ယုဝတီစီမံချက်စတယ်။ ရွေးချယ်သတ်မှတ်ခြင်းခံထားရတဲ့ ရာဇဝတ်အကျဉ်းသားတယောက်ကို စနစ်တကျ သတ်မှတ်ပုံစံအတိုင်းနှိပ်စက်မှု အလုပ်ကစတင်ပြီ၊ သေသေချာချာ ကြည့်လိုက်တော့ ပြီးခဲ့တဲ့နေ့ကပဲ ထုတ်၊ ပြီးနှိပ်စက်ထားတဲ့ အကျဉ်းသားဆိုတာ မြင်နေရတယ်။ ထုံးစံအတိုင်း ရိုက်တယ်၊ ထုတယ်၊ လည်ပင်းကို နင်းတယ် သီချင်းဆိုခိုင်းတယ်။ အကျဉ်းသားခများ ဒူးထောက်လမ်းလျှောက်ရင်းက တုံးလုံးခွေခနဲ ခွေခနဲ လဲသွားတယ်။ အထဲက အကျဉ်းသားတွေရဲ့ အခန်းရှေ့မှာလည်း ဝါဒါတွေက မအော်ဟစ်ကြဖို့တုတ်တပြပြနဲ့မောင်း၊ လမ်းလျှောက်ကြိမ်းနေတယ်။ မကြာခင်မှာပဲ အဲဒီအကျဉ်းသားဟာ လှေကားဘေးက တိုက်နံရံကိုခေါင်းနဲ့ဆောင့်သံ တဒိုးဒိုးနဲ့ ကြားလိုက်ရတယ်။ အကျဉ်းသားဟာ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ရတော့တယ်။ အဲဒီ အရှင်လတ်လတ်အလောင်းကို ဒရွတ်တိုက်ဆွဲယူသွားပြီး သွေးသံရဲရဲခုတ်ထစ်ထားတဲ့ငါးတကောင်လို အခန်းထဲကို ပစ်ထည့်ထားလိုက်တယ်။ ဝါဒါတွေ သူတို့မဟုတ်သလိုပဲ။ အေးအေးဆေးဆေးပဲ၊

စာမျက်နှာ (၁၄) ကော်လံ (၅) သို့ ...

# ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အုပ်စုကြား ဆွေးနွေးပွဲများဖြစ်လာရေး နိုင်ငံတကာက ဖိအားပိုပေးရန် နော်ဝေဝန်ကြီးချုပ်တောင်းဆို



နော်ဝေဝန်ကြီးချုပ် ရှယ်မိုနာဘိုနာပစ်

နော်ဝေဝန်ကြီးချုပ် ရှယ်မိုနာဘိုနာပစ်က ရွေးကောက်ပွဲအနိုင်ရ အဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အုပ်စုတို့အကြားဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရန် နိုင်ငံတကာအသိုင်းအဝိုင်းက နအဖစစ်အုပ်စုအပေါ် ပိုမိုဖိအား ပေးသင့်ကြောင်း ယခုလ(၂၆)ရက်နေ့ကအော်စလိုတွင် ပြုလုပ်သည့် လူ့အခွင့်အရေးဆိုင်ရာအဆောက်အဦတခုဖွင့်ပွဲ အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။

မစ္စတာဘိုနာပစ်က ‘‘ကမ္ဘာ့နေရာတချို့မှာ လူ့အခွင့်အရေးတိုက်ပွဲဝင်နေသူတွေအတွက် ကြီးမားတဲ့အန္တရာယ်တွေ ပြည့်နှက်နေတာတွေ့ရတာ စိတ်မကောင်းစရာပါ။ ဒါပေမယ့် ကိုယ့်အသက်အန္တရာယ်ကိုတောင် ဂရုမစိုက်ဘဲ လူ့အခွင့်အရေးရရှိဖို့ ဇွဲနဘဲနဲ့ တိုက်ပွဲဝင်နေသူတွေအများကြီးရှိပါကြောင်း ဒီအထဲက စံပြပြောရမယ်ဆိုရင်တော့ စစ်အာဏာရှင်တွေအုပ်စိုး မင်းမူနေတဲ့ မြန်မာနိုင်ငံက ဒီမိုကရေစီခေါင်းဆောင်နဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ပါပဲ’’ဟု ယင်းအခမ်းအနားတွင် ပြောဆိုခဲ့ကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းအရသိရသည်။ ဘိုနာပစ်က ဆက်လက်၍ ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်းများစွာ နေအိမ်အကျယ်ချုပ် နေနေခဲ့ရပြီး ယခုအချိန်တွင်လည်း နေနေရဆဲဖြစ်ကြောင်း၊ သူမခေါင်းဆောင်သည့် အဲန်အယ်လ်ဒီအဖွဲ့ချုပ်မှာလည်း ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း စစ်အာဏာပိုင်များက ရွေးကောက်ပွဲရလဒ်ကို ယနေ့အချိန်အထိ မသိကျိုးကျွံပြုနေကြောင်း ထည့်သွင်းပြောဆိုသွားခဲ့သည်။ ထို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံတွင်ရွေးကောက်ပွဲအနိုင်ရ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အာဏာပိုင်များကြား စစ်မှန်သည့်ဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးအတွက် ဖိအားပေးသွားရန် လိုအပ်ကြောင်း နော်ဝေဝန်ကြီးချုပ်က တောင်းဆို တိုက်တွန်းလိုက်သည်။

ထိုအခမ်းအနားသို့ အော်စလိုအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရသည်။ ❖

# နအဖလမ်းပြမြေပုံအပေါ် ကျေနပ်မှုမရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ထုတ်ဖော်ပြောဆို



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က နအဖလမ်းပြမြေပုံသည် မြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲမှု ဖြစ်စဉ်အတွက်လုံလောက်မှုမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီကို ကန့်သတ်ထားပြီး ဒီမိုကရေစီရေးအတွက် အပြုသဘောဆောင်သည့်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် ပျက်ကွက်နေသည့် နအဖ၏ အပြုအမူသည် စိတ်ပျက်စရာပင်ဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ဝေဖန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည့် ၂၀၀၃ ခု၊ မေလ (၃၀)ရက်နေ့တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအရေးအခင်းအပြီးတွင် နအဖအပေါ် ပိုမို၍ တင်းကျပ်စွာ အရေးယူဆောင်ရွက်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်နှစ်ရပ်လုံးမှ သဘောတူချမှတ်ပြဋ္ဌာန်းခဲ့သော ‘မြန်မာပြည်လွတ်မြောက်ရေးနှင့်ဒီမိုကရေစီအက်ဥပဒေ ၂၀၀၃’ သည် သွင်းကုန်များပိတ်ပင်ခြင်း၊ ဒေါ်လာငွေသုံးစွဲမှုများ တားမြစ်ခြင်း၊ ဗီဇာငြင်းပယ်ခြင်းနှင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ ပါဝင်ခဲ့သည့်အတွက် နအဖစစ်အုပ်စုအား ကြီးမားစွာအထိနာစေခဲ့သည်။ အမေရိကန်အစိုးရသည် မြန်မာပြည် အိမ်နီးနားချင်းနိုင်ငံများ အထူးသဖြင့် အာစီယံနှင့် အခြား ဆွေးနွေးဘက်နိုင်ငံများနှင့် တွေ့ဆုံခွင့်ရတိုင်း မြန်မာပြည်ပြဿနာအား ဆွေးနွေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးမှ ဂျပန်သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။❖

# “ကြာလေလွမ်းလေ... လွမ်းမပြေနိုင်တဲ့ ခေါင်းဆောင်”

ဒေါင်းမလေး (မန္တလေး)

၁၉–၈–၂၀၀၄ ရက် မွန်းလွဲ (၁၂း၁၅) နာရီမှာ ကွယ်လွန်သွားခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဘဘဦးကြည်မောင်၊ ကျမတို့ချစ်ခင်လေးစား ရိုသေကြောက်ရွံ့ခဲ့ရသော ဘဘဦးကြည်မောင် ကွယ်လွန်သွားပြီဆိုတဲ့သတင်းကြားကြားခြင်းမှာ အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတခု၊ အားငယ်ခံစားမှုကြီး ဖြစ်ထွန်းပြီး ဘယ်လိုမှခံစားလို့မရကာ ရင်ထဲမှာဆောက်တည်လို့မရအောင်ဘဲ ဖြစ်နေမိတယ်။ ကျမတို့တောင် ဒီလိုခံစားနေရရင် ဇနီးဖြစ်တဲ့၊ ကျမ ချစ်ခင်လေးစားအားကိုးရတဲ့ ‘မေမေကြည်’ တယောက် ဘယ်လောက်များ ဝမ်းနည်းမှုတွေ၊ ကြေကွဲမှုတွေ ခံစားနေရမှာကို မြင်ယောင်နေမိပါတယ်။

ဘဘဦးကြည်မောင်ဟာ ချိုသာပျော့ပြောင်းတဲ့အပြုံးလေးတွေနဲ့ နအဖကို တိုက်ရိုက် အမှန်စကားတွေနဲ့ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေကို နားထဲမှာကပ်ပြောနေသလို ပြန်ကြားယောင်မိတယ်။ ၁၉၉၆ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်ခြံရှေ့မှာ လူထု တရားပွဲတွေမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေထဲက မှတ်မိသိရှိ တာလေးရေးရမယ်ဆိုရင် ....

ကိုယ်မကျွမ်းကျင်တဲ့အလုပ်၊ ကိုယ်လေ့လာမထားတဲ့အလုပ်ကို တတ်သိကျွမ်းကျင်တဲ့လူတွေရဲ့လမ်းညွှန်တာကိုလည်း မနာခံဘဲ ကိုယ်ထင်တာတွေလျှောက်လုပ်ရင် ကုလားထိုင် မမြဲဘူးနော်။

တယောက်ထဲပြေးပြီး တယောက်တည်းကပြီး ငါအတော်ဆုံးလို့ဆို့တဲ့ဟာကတော့ မဖြစ်ထိုက်ပါဘူး။

မှန်တခုကိုယူပြီး ငါ့အပြစ်တွေက ဘာတွေလဲ၊ ငါဘာတွေလုပ်ခဲ့မိသလဲ၊ ငါလုပ်ခဲ့မိတဲ့အတွက် လူတွေဘယ်လောက်ဝမ်းနည်း ပက်လက်ဖြစ်ကုန်ပြီလဲ။ ထောင်ထဲမိသားစုတွေဘယ်လိုဖြစ်ကုန်ပြီလဲ။ အဲဒီလို ကြည့်လို့ရှိရင် အဖြေမှန်ရမယ်။

ဒီတိုင်းပြည်ကို ပထမဆုံးစပြီးတော့ ထူထောင်ဖို့ အခု ဘိုင်ကျနေတယ်။ ထိုင်းနိုင်ငံနဲ့ တို့တိုင်းပြည် ဘယ်လောက်ကွာလဲဆိုတာ အခါအခွင့်သင့်ရင် ပြောချင်တယ်။ ထိုင်းနိုင်ငံမှာစပါးစိုက်တဲ့ဟာကို စက်မှုလက်မှုက အများကြီး ကျော်ဖြတ်သွားတယ်။ ဗမာပြည်က ထိုင်းနိုင်ငံရဲ့ စပါးစိုက်တဲ့အခြေအနေကို မရောက်သေးဘူး။

မြန်မာပြည် ဘယ်ကိုမှထွက်မပြေးဘူး။ အခြေအနေသင့်တဲ့အခါကျရင် အကုန်လုံး မိုးပြိုတောင်လာပြီး ရင်းနှီးမြှုပ်နှံကြပါ။

မယ်မယ်ရရရှိတာ၊ တိုင်းပြည်အကျိုးရှိတာ လူတွေအားလုံးပျော်မှာ၊ ကိုယ့်အချင်းချင်းညီညွတ်မှာ၊ အဲဒီအလုပ်တွေကိုရှာကြ။



“ ဗမာ့လွတ်လပ်ရေးခေါင်းဆောင်ရဲဘော်တယောက်၊ မမှန်တဲ့နောက်ကို သူဘယ်တော့မှ မလိုက်ဘူး၊ 
မှန်မှန်ကန်ကန်ပဲ ဖြစ်စေချင်တယ်။ 
ပြည်သူ့အကျိုးမဖြစ်ရင် 
မဟုတ်တာလုပ်တာပဲလို့ ပြောခဲ့ဖူးတဲ့ 
ခေါင်းဆောင်တယောက်ဆုံးသွားတာတော့ 
ကျမ ဝမ်းနည်းပက်လက်ဖြစ်ရတယ်။ 
လွတ်လပ်ရေးအတွက် 
တိုက်တဲ့သူ့ရဲကောင်း၊ 
အမှန်တရားဘက်ရပ်ပြီး တိုက်ခိုက်ခဲ့တဲ့ 
သူ့ရဲကောင်းတယောက် 
ဒီနေ့ ဒီမိုကရေစီတိုက်ပွဲမှာလည်း ...”

ကြိုးစားပြီးတော့ ဘာလို့မလုပ်နိုင်ရမှာလဲ စတဲ့ ညီညွတ်ရေးနဲ့ပတ်သက်ပြီး သတိထားအလေးပေးပြောကြားသွားခဲ့တာတွေကို တွေ့ရသလို ကျမတို့မန္တလေးတိုင်းမှာ ဗဟို အခမ်းအနားများကို တက်ရောက်ရတဲ့ပွဲတွေမှာ အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲမှာ ပြုလုပ်ပါတယ်။ အခမ်းအနားပြုလုပ်တဲ့ ခြံထဲကိုဝင်နိုင်ရေးအတွက် နအဖဟာ အမျိုးမျိုး အကြောင်းပြ တားဆီးခံရပါတယ်။ အဲဒီလို မခံရအောင်ကျမတို့ဟာ နံနက်စောစော (၄)နာရီလောက်ထပြီး ခြံထဲကို အစောဆုံးရောက်အောင် သွားခဲ့ရပါတယ်။ မသွားနိုင်လို့ နေမြင့်နေရင် အတားခံရပြီဖြစ်ပါတယ်။ ကျမတို့ခြံထဲရောက်လို့ ဘဘတို့ အခမ်းအနားကို လာပြီဆိုရင်ကျမက ဘဘကို ပြောပါတယ်။ နအဖ လုပ်ရပ်တွေ၊ ညစ်ပတ်စုတ်ပွဲ့တာတွေ၊ မတရားတာတွေနဲ့ အစောကြီးလာရတာကိုပြောတော့ ဘဘက အပြုံးလေးနဲ့ပဲ ကျမကိုနှစ်သိမ့်ပါတယ်။ သမီးရေ ဒါဟာ ဝီရိယအကျိုးကြောင့် သမီးအတားမခံရဘဲ လာရတာမို့လား။ ဝီရိယဟာလည်း အရေးကြီးတယ်ဆိုပြီး အမှတ်တရစကား ပြောခဲ့ပါတယ်။

ကျမ ဒီပဲယင်းအရေးအခင်းမှာ ဒု–ဥက္ကဋ္ဌကြီး ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ခရီးစဉ်မှာ သေလုမြောပါး နအဖ လူယုတ်မာလက်ပါးစေတို့ရဲ့သတ်ဖြတ်မှုမှာ မသေဘဲ ဒဏ်ရာများကို ရန်ကုန်မှာ ဆေးကုသမှုခံယူနေတဲ့အချိန်မှာ တောင်ဥက္ကလာပမြို့နယ်က ဦးသိန်းတင်ရဲ့ နှစ်ပတ်လည်ဆွမ်းကျွေးမှာ ဘဘနဲ့ ကျမတွေ့ခဲ့ရပါတယ်။ သမီးရယ် မသေကောင်း မပျောက်ကောင်း၊ ကံကောင်းထောက်မလို့သာပေါ့။ ဒီကောင်တွေ ယုတ်မာတာဟာ ဘဘတို့ခေတ်ကနေ အခုသမီးတို့ခေတ်ထိ ယုတ်မာတုန်းပဲ။ အားမလျှော့နဲ့ သမီးစိတ်ရှည်၊ သည်းခံ၊ ဇွဲသန်ဆိုတဲ့စကားအတိုင်း ငါတို့လိုချင်တဲ့ ဒီမိုကရေစီပန်းတိုင်ရကိုရရမယ်လို့ စိတ်ဓာတ်ကို ယုံကြည်ချက်အပြည့်နဲ့ထားပြီးလုပ်ဆောင်ပါလို့ ကျမကို အားပေးစကား ပြောကြားခဲ့ပါတယ်။

ဗမာ့လွတ်လပ်ရေးခေါင်းဆောင်၊ ရဲဘော်တယောက်၊ မမှန်တဲ့နောက်ကို သူဘယ်တော့မှ မလိုက်ဘူး၊ မှန်မှန်ကန်ကန်ပဲ ဖြစ်စေချင်တယ်။ ပြည်သူ့အကျိုးမဖြစ်ရင် မဟုတ်တာလုပ်တာပဲလို့ ပြောခဲ့ဖူးတဲ့ ခေါင်းဆောင်တယောက် ဆုံးသွားတာတော့ ကျမ ဝမ်းနည်းပက်လက်ဖြစ်ရတယ်။ လွတ်လပ်ရေးအတွက် တိုက်တဲ့သူ့ရဲကောင်း၊ အမှန်တရားဘက်ရပ်ပြီး တိုက်ခိုက်ခဲ့တဲ့ သူ့ရဲကောင်းတယောက်၊ ဒီနေ့ဒီမိုကရေစီတိုက်ပွဲမှာလည်း အခက်အခဲ ဘယ်လောက်ပဲတွေ့တွေ့၊ ရင်ဆိုင်ပြီးတော့ အညှဉ်းဆဲခံပြီးလုပ်သွားတဲ့ လူတယောက်ဆုံးရှုံးသွားတဲ့အတွက် ကျမတို့တိုင်းပြည်တပြည်လုံးက လူအားလုံးအတွက် ဝမ်းနည်းဖွယ်ရာကောင်းပါတယ်။

ဘဘ ဦးကြည်မောင်တယောက် ကွယ်လွန်သွားတာဟာ ကျမတို့ အဖွဲ့ချုပ်အနေနဲ့ လူကြီးတယောက် ဆုံးရှုံးတာမကဘူး။ တတိုင်းပြည်လုံးအတွက် ဒီမိုကရေစီအတွက် ခေါင်းဆောင်ကိုပါဆုံးရှုံးသွားတဲ့အနေမျိုး ဖြစ်တယ်လို့ ကျမခံယူမိပါတယ်။

အနုပညာကိုချစ်တဲ့ ဘဘ၊ ပွဲကြိုက်သော ဘဘ၊ အနုပညာခေါင်းဆောင်၊ အင်မတန်ဇွဲနဘဲကောင်းတဲ့ ဘဘ၊ လုပ်စရာကိုင်စရာရှိတဲ့အခါမှာလည်း အားကျိုးမာန်တက်ရှိပြီး စိတ်နေသဘောထားလည်းကောင်းတဲ့ ဘဘ၊ ယုံကြည်ချက်ကို ပြတ်ပြတ်သားသား တိတိကျကျ လိုက်နာဆောင်ရွက်တတ်တဲ့ ခေါင်းဆောင်ကောင်းတယောက်၊ ဘဘကို ကျမ ကတိပေးပါတယ်။ ဘဘ ကျမကိုယုံပါ၊ ဘဘလိုပဲ ဒီမိုကရေစီတိုက်ပွဲကို အောင်မြင်အောင် ဆက်တိုက်ပါမယ်လို့ကတိပြုရင်း လွမ်းမျက်ရည်နဲ့ လွမ်းစာရေးဖွဲ့ ဂုဏ်ပြုလိုက်ပါတယ်။

❖

(စာရေးသူသည် ဂျပန်နိုင်ငံ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးသမဂ္ဂမှ ပေးအပ်သော မြန်မာ့အမျိုးသမီးသူရဲကောင်းဆုနှင့် နိုက်တင်ဂေးဆုချီးမြှင့်ခြင်းခံရသည့် ဒေါ်ခင်အေးမြင့် ဖြစ်ပါသည်။)

# သတင်းစာများက ပြောသော ရှစ်လေးလုံးသမိုင်း

**ဩဂုတ်(၈)ရက်**

ရန်ကုန်မြို့တော် လမ်းမများထက် ထောင်ပေါင်းများစွာသော လူထုကြီးက ဒီမိုကရေစီပေးရန်၊ မဆလပါတီ နှုတ်ထွက်ရန်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် အဆုံးသတ်ရန် တခဲနက် တောင်းဆို၊ အခြားမြို့ကြီး အတော်များများ၌လည်း အလားတူ ဆန္ဒပြ တောင်းဆိုအုံကြွ။ ည(၁၁)နာရီ (၄၅)မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ စစ်တပ်မှ ဆန္ဒပြလူအုပ်ကြားထဲသို့ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်။

ခတ်ဆီဖုံး၊ ဂျင်ဂလီ၊ ဓားရှည်၊ လှံများဖြင့် ခုခံတိုက်ခိုက်။ ရန်ကုန်ဆေးရုံကြီးမှ ဆေးဝန်ထမ်းများအား စစ်တပ်က ပစ်ခတ်။ လူထုဒေါသ ပေါက်ကွဲ။ မြောက်ဥက္ကလာပတွင် ရဲအချို့ ခေါင်းဖြတ်ခံရ။

**ဩဂုတ်(၁၁)ရက်**

စစ်တပ်အား တားဆီးပိတ်ဆို့ရန် အရံအတားများနှင့် အထွေထွေသပိတ်ကြောင့် အစိုးရယန္တရားများရပ်ဆိုင်း။ မဆလ အစိုးရနှင့် စစ်တပ်၏ သတ်ဖြတ်မှုများ အမေရိကန်




**ဩဂုတ်(၉)**

လူထုဆန္ဒပြပွဲများ တနိုင်ငံလုံးသို့ ပြန့်နှံ့သွား။ ရန်ကုန်မြို့တွင် တပ်မ(၂၂)က နေရာအတော်များများ၌ ပစ်ခတ်။ (၅)ဦးသာ သေဆုံးဟု အစိုးရက တရားဝင်ထုတ်ပြန်။ သတင်းများအရ ရာနှင့်ချီ သေဆုံးပြီး လူအများအပြား အဖမ်းခံရ။ စစ်ကိုင်းမြို့၌ ရဲနှင့် စစ်တပ်က ဆန္ဒပြလူထုကို ပစ်ခတ်၍ လူရာကျော် သေဆုံး။

**ဩဂုတ်(၁၀)ရက်**

ရန်ကုန်မြို့၌ စစ်တပ်ဘရင်းကယ်ရီယာများမှ ပစ်ခတ်ခြင်းကြောင့် လူထုက

ဆီးနိတ်လွှတ်တော်က တညီတညွတ်တည်း ရှုတ်ချ။

**ဩဂုတ်(၁၂)ရက်**

သားသတ်သမားဟု နာမည်ကြီးပြီး သက်တမ်း(၁၈)ရက်သာခံသည့် သမတ ဦးစိန်လွင် နုတ်ထွက်။ လူများ လမ်းမပေါ် ထွက်ပြီး ကခုန်ကြ။

**ဩဂုတ်(၁၃)ရက်**

ကလေးငယ်များ၊ ကျောင်းသားလူငယ်များနှင့် ပြည်သူများအား သေနတ်ဖြင့် ပစ်သတ်ခြင်း၊ လှံစွပ်ဖြင့်ထိုးသတ်ခြင်းတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊






နိုင်ငံတကာ လူ့အခွင့် အရေးဥပဒေများနှင့် လုံးဝဆန့်ကျင်ကြောင်း ရှေ့နေများကောင်စီမှ ထုတ်ပြန်။ ကျောင်းသားများနှင့် အစိုးရကြား စေ့စပ်ညှိနှိုင်းပေးမည့် ပြည်သူ့အတိုင်ပင်ခံကော်မတီ ဖွဲ့စည်းပေးရန် ဒေါ်အောင်ဆန်းစုကြည်က အကြံပြု။ ဦးနု၊ မန်းဝင်းမောင်အပါအဝင် နိုင်ငံရေးသမားကြီးများက ထောက်ခံ။

## ဩဂုတ်(၁၆)ရက်

အစုလိုက်အပြုံလိုက်သတ်ဖြတ်နေခြင်းအား ကန့်ကွက်ကြောင်း မြန်မာနိုင်ငံဆရာဝန်များအသင်းက ထုတ်ပြန်။ သို့သော် ယင်းကြေညာချက် အစစ်မဟုတ်ကြောင်း အာဏာပိုင်များက ပြောဆို။

## ဩဂုတ်(၁၉)ရက်

မဆလပါတီ ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်အား ခန့်ထား။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း ဦးဆောင်သည့် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်း။

## ဩဂုတ်(၂၀)ရက်

ဒေါက်တာမောင်မောင်နုတ်ထွက်ရန်၊ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်နှင့် ကြားဖြတ် အစိုးရဖွဲ့စည်းပေးရန် ပြည်သူများတောင်းဆို ဆန္ဒပြ။

## ဩဂုတ်(၂၂)ရက်

နိုင်ငံတဝှမ်း အထွေထွေသပိတ်ကြီး မှောက်။ အစိုးရနုတ်ထွက်ပေးရန် နေ့စဉ်ဆန္ဒပြနေ။

## ဩဂုတ်(၂၄)ရက်

မာရှယ်လော ရုပ်သိမ်း၊ တပါတီစနစ်သို့မဟုတ် ပါတီစုံစနစ်ကျင့်သုံးရန်ကိစ္စ ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ပေးမည်ဟု ဒေါက်တာမောင်မောင် ကတိပြု။

## ဩဂုတ်(၂၅)ရက်

ဖမ်းဆီးခံထားရသော ဦးအောင်ကြီး၊ ဦးစိန်ဝင်းအပါအဝင် နာမည်ကြီး နိုင်ငံရေးခေါင်းဆောင်များ ပြန်လွှတ်ပေး။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် ဦးအောင်ကြီး မိန့်ခွန်းပြောရာ လူထု (၃)သောင်းကျော် တက်ရောက်။ ညဘက်၌ နိုင်ငံခြားကုန်သွယ်ရေးဘဏ်မှ ကျပ်ငွေ သိန်း ၆၀၀ ကို စစ်တပ်မှ လာရောက်ထုတ်ယူပြီး ရန်ကုန်တွင် တပ်စွဲထားသော တပ်ဖွဲ့များအားလုံးကို လစာ(၆) လစာ ကြိုတင်ထုတ်ပေး။

## ဩဂုတ်(၂၆)ရက်

လေကြောင်းနှင့် မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အထွေထွေသပိတ်ကြောင့် ရပ်ဆိုင်း။ ရွှေတိဂုံစေတီတော်ခြေရင်း၌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောရာ လူထုသိန်းကျော် တက်ရောက်။ အင်းစိန်ထောင်တွင်း အဓိကရုဏ်းအား


# တပ်မတော်သား အားလုံး လမ်းစဉ်ပါတီမှ နုတ်ထွက်ပြီးဖြစ်

## မူလ တာဝန်သုံးရပ် ကျေပွန်စွာ ထမ်းဆောင်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီမှ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့ ဆုံးဖြတ်ချက်နှင့် နိုင်ငံတော်ကောင်စီ၏ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့စွဲပါ ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်သည့် ကြေညာချက်အမှတ် (၁၄/၈၈)အရ တပ်မတော်(ကြည်း/ရေ/လေ)တပ်မတော်သား အားလုံးသည် လမ်းစဉ်ပါတီမှနုတ်ထွက်ခဲ့ပြီးဖြစ်၍ တပ်မတော်သားတို့သည် မူလတာဝန်များဖြစ်သည့်–

(၁) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်

(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် တာဝန်သုံးရပ်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြည်း/ရေ/လေ တပ်မတော်သားအားလုံးသို့ အမိန့်ထုတ်ပြန်ကြောင်း သတင်းရရှိသည်။(ကကပြည်)

ပစ်ခတ်နှိမ်နင်းအပြီး ထောင်ကျ အကျဉ်းသားများ လွတ်မြောက်လာကြ။

## ဩဂုတ်(၂၇)ရက်

ရန်ကုန်ဆေးရုံကြီး၌ ကာကွယ်ရေးဝန်ကြီးဟောင်းနှင့် စစ်ဦးစီးချုပ်ဟောင်း ဦးတင်ဦးနှင့် ကျောင်းသားခေါင်းဆောင် မိုးသီးဇွန် မိန့်ခွန်းပြောကြား။

## ဩဂုတ်(၂၈)ရက်

ရန်ကုန်တက္ကသိုလ် အားကစားရုံရှေ့မြက်ခင်းပြင်၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို ပြန်လည်ဖွဲ့စည်း။ ဥက္ကဋ္ဌအဖြစ် မင်းကိုနိုင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် မိုးသီးဇွန်တို့ကို ရွေးချယ်။ ဦးနုကလည်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ယာယီ)ကို တည်ထောင်ဖွဲ့စည်းရာ








# ဦးနု ပွဲလန့်တုန်း ဖျာ မခင်း ဟု ဆို

## ဒီမိုကရေစီရအောင် အာဏာ သိမ်း ဟု ပြော

အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်ဦး တာဝန်ယူဆောင်ရွက်။

**ဩဂုတ်(၂၉)ရက်**

ရှေ့နေများ၊ စာရေးဆရာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ ဂီတပညာရှင်များ ဆန္ဒပြပွဲတွင် ပါဝင်လာကြ။

**ဩဂုတ်(၃၀)ရက်**

လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နိုင်ငံတဝှမ်းဆန္ဒပြကြ။ မဆလပါတီဝင်ထောင်ပေါင်းများစွာ ပါတီမှနုတ်ထွက်ကြ။

**စက်တင်ဘာ(၂)ရက်**

၁၉၇၄ ခု ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းပေးရန်နှင့် ၁၉၆၂ ခု အာဏာသိမ်းမှုသည် ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေများကောင်စီက ပြောကြား။ မြို့ကြီး မြို့ငယ်များတွင် အုပ်ချုပ်ရေးနှင့် တရားစီ ရင်ရေးအား ဘုန်းတော်ကြီးများ၊ မြို့ခံလူကြီးများနှင့် ကျောင်းသားများက တာဝန်ယူ ဆောင်ရွက်နေကြ။

**စက်တင်ဘာ(၅)ရက်**

ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန်နှင့် မလိုက်လျောပါက အဆုံးမသတ်နိုင်သော ဆန္ဒပြပွဲနှင့် ရင်ဆိုင်ရမည်ဟု ပြည်သူလူထုက ရာဇသံပေး။ အလုပ်သမားများနှင့် အစိုးရဝန်ထမ်းများ လွတ်လပ်သော အလုပ်သမားသမဂ္ဂ ဖွဲ့စည်းကြ။

**စက်တင်ဘာ(၆)ရက်**

လူထုအုံကြွမှုအား စစ်တပ်မှ ထောက်ခံရန် ရဲဘော်သုံးကျိပ်ဝင် (၉)ဦးက တောင်းဆို။

**စက်တင်ဘာ(၉)ရက်**

၁၉၄၇ ခု အခြေခံဥပဒေအရ မိမိသာလျှင် တရားဝင်ဝန်ကြီးချုပ်ဖြစ်ကြောင်း ဦးနုက ကြေညာ။ တပ်မတော်(လေ)မှ စစ်သည် (၂၀၀)ခန့် လူထုဆန္ဒပြပွဲတွင် ပူးပေါင်း။

**စက်တင်ဘာ(၁၀)ရက်**

မဆလပါတီ ဒုတိယအကြိမ် အရေးပေါ်ညီလာခံကျင်းပရာ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည့်အစီအစဉ်ကို ပယ်ဖျက်ပြီး ပါတီစုံစနစ်အောက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည့် အဆိုတင်သွင်း၊ တပ်မှူးဟောင်းများဖြစ်သူ ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဦးစောမြင့်တို့ ဦးနုအဖွဲ့မှ နုတ်ထွက်။

**စက်တင်ဘာ(၁၁)ရက်**

အထွေထွေရွေးကောက်ပွဲများကျင်းပရန် မဆလပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးက ဆုံးဖြတ်။ ပြည်သူ့ရဲတပ်ဖွဲ့များ အထွေထွေသပိတ်တွင် ပူးပေါင်းပါဝင်။ လူထုဆန္ဒပြပွဲကြီးများ ဆက်လက်ဖြစ်ပွားနေ။ အစာငတ်ခံဆန္ဒပြပွဲများကျင်းပပြီး ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေး တောင်းဆို။

**စက်တင်ဘာ(၁၂)ရက်**

ဒေါ်အောင်ဆန်းစုကြည် ဦးတင်ဦး၊ ဦးအောင်ကြီးတို့ပူးပေါင်း၍ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် တောင်းဆိုချက်အား ထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်။

**စက်တင်ဘာ(၁၆)ရက်**

အင်အား(၂)သိန်းခန့်ရှိသော စစ်တပ်အား မဆလပါတီမှ နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာ။

**စက်တင်ဘာ(၁၇)ရက်**

ကုန်သွယ်ရေးဝန်ကြီးဌာန အဆောက်အဦပေါ်မှ စစ်သားများက ဆန္ဒပြလူထုအား သေနတ်ဖြင့် ပစ်သတ်။ လူထုက ဝိုင်းဝန်းပိတ်ဆို့အပြီး နောက်ဆုံးစစ်သား (၂၄)ဦး စလုံး လက်နက်ချ။ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် မဆလအစိုးရက ငြင်းဆန်ခဲ့သဖြင့် ဆန္ဒပြမှု အရှိန်အဟုန်ပိုမိုကြီးမား။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်ကောင်စီ

ကြေညာချက်

အမှတ် ၀/၈၈

ရန်ကုန်မြို့၊ ၁၃၅၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

## စစ်အုပ်ချုပ်ရေးဥပဒေကိုရုပ်သိမ်းခြင်း



## ကြားဖြတ်အစိုးရ ဖွဲ့စည်းရန် ဆန္ဒသဘောထား ညီနှိုင်း



# အရေးပေါ် ပါတီ ညီလာခံ ခေါ် ယူခြင်း

ရန်ကုန် ဩဂုတ် ၂၄

ပါတီဗဟို အလုပ် အမှုဆောင် ကော်မတီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ် ပါတီညီလာခံကို ရန်ကုန်မြို့၌ ၁၃၅၀ပြည့်နှစ် တော်သလင်း လဆန်း၂ ရက်(၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်)(တနင်္လာနေ့)တွင် ခေါ်ယူ ကျင်းပမည် ဖြစ်သည်။

ပါတီဗဟို ကော်မတီဝင် များနှင့် ပါတီညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့သို့ ၁၃၅၀ ပြည့်နှစ် ဝါခေါင် လဆုတ် ၁၄ရက် (၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်) ( စနေနေ့ )အရောက် ကြွရောက်ကြရန် ဖြစ်သည်။



စက်တင်ဘာ ၇ ရက်က အ မှတ် (၁၈)စစ် ပါ လမ်းရှိ မြို့လုံးမြေသာ ဗိုလ် ကစရနိုင်နှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာ ယီ) တ်ကနေ ရေး ပေါ်ကြေညာချက်(၃) (၄)တို့နှင့် ပတ်သက်၍ အတွေ့တွေ့ အတွင်းရေးမှူး ဆူရ ဦး၊ တင် ဦးက မြို့ဘွင်းမြို့ပ သတင်းစောက်များ အား ရှင်းပြနေစဉ်။ (ဓာတ်ပုံကြံမှု)

# ပြည် သူ့ တပ် မ တော် သည် ပြည်သူများဘက်မှရပ်တည်ရန်လို

ရန်ကုန် စက်တင်ဘာ ၇ | ကြေညာချက် အမှတ်စဉ်(၁) ကို



ပန်းဆိုးတန်းလမ်း ဗိုလ် ကစရစ်ရင်ဝိုရေး အစာငတ် ခံ ဆန္ဒပြပွဲ ဆင်နွှဲနေကြသူ များအား အဆိုတော် မာ မာအေး ဂုဏ်ပြုအားပေး စကားပြောနေစဉ်

လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ရာ ထိုင်း–မြန်မာနယ်စပ်သို့ စစ်သင်တန်းနှင့် လက်နက်များရယူရန် ကျောင်းသားတချို့ စတင်ထွက်ခွာ။

**စက်တင်ဘာ(၁၈)ရက်**

ညနေ(၄)နာရီ၌ စစ်တပ်က နိုင်ငံတော် အာဏာကို သိမ်းယူလိုက်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်း လိုက်ကြောင်း ဗိုလ်မှူးကြီးစောမောင် က ရေဒီယိုမှကြေညာ။❖

**မှတ်ချက်** ။ ။ ဒေါင်းအိုးဝေ အတွဲ(၂) အမှတ်(၂) ဩဂုတ်–စက်တင်ဘာ ၂၀၀၂ မှ 8888 သွေးမှတ်တမ်းကို ပြန်လည်ကူးယူ ဖော်ပြသည်။

မြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်ကောင်စီ

**ကြေညာချက်**

**အမှတ် ၉/၈၈**

ရန်ကုန်မြို့၊ ၁၃၅၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

## စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းခြင်း

၁။ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွင်း၌ ပေါ်ပေါက်ခဲ့သော အရေးအခင်းများကြောင့် နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပြည်သူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့် ရှောက်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေ ပုဒ်မ၇၆က အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုသုံးစွဲ၍ရန်ကုန် တိုင်း၊ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျက် ရှိကြောင်းနှင့် စစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်ကာ ကာကွယ် ရေးဦးစီးချုပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိ မိတ်အတွင်း စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်းကြောင်း ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ၃ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ ယင်းစစ်အုပ်ချုပ်ရေး ဥပဒေနှင့် ကာကွယ်ရေး ဦးစီး ချုပ်အား စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်း ထားခြင်းတို့ကို ဤကြေညာချက် ထုတ်ပြန်သည့် ၁၉၈၈ ခုနှစ်၊ဩဂုတ်လ ၂၄ ရက်နေ့ ၁၃၀၀ နာရီအချိန်မှစ၍ ရုပ်သိမ်းကြောင်း ကြေညာ လိုက်သည်။

(ပုံ) မောင်မောင်
ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ

ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် ဖွဲ့စည်းရေး အတွက်

## နိုင် ငံ တော် ကောင် စီ ၏ ထုတ် ပြန် ချက်

[illegible]

(ပုံ) [illegible]
အတွင်းရေးမှူး
နိုင်ငံတော်ကောင်စီ

ရန်ကုန် ၁၃၅၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

# မျှော်နေသူတယောက်ရဲ့ ကဗျာရှည်တပုဒ်

"ငါ့သွေးတစက်
ငါ့သက်တချောင်း
ငါ့အလောင်းမှ .... ငါ့အလောင်းမှ .... ငါ့အလောင်းမှ .... "
ဒါ .... ငါ့ရဲဘော်ရဲ့ကဗျာ
အဲဒီနေ့မှာ
နှင်းဆီရစ်ပွင့် ကြွေကျ
အံကြိတ်ထားတဲ့ အုန်းပင်တွေက အလေးပြုကြ
ပင်လယ်ပြင်ဟာ မျက်ရည်တွေနဲ့ သက်ပြင်းချ
အောက်ဇဝစ် အကျဉ်းထောင် ပြိုကျသွားခဲ့ဖူးတယ်။

"ကျွန်းတိုက်က" တဲ့
"အခြေအနေမကောင်းဘူး" တဲ့
ငါ့ရဲဘော်တွေပြောပြတဲ့ ငါ့ရဲဘော်ရဲ့နောက်ဆုံးရက်
ဒရစ်ဆက် တန်းလန်း
ထမ်းထုတ်လာတဲ့ မိန်းဂျေးလမ်းမပေါ်က လူနာပိန်ပိန်တယောက်
ဆေးရုံထိ ရောက်မရောက်ဆိုတာကတော့ မသေချာ
သေချာတာကတော့
နောက်နေ့ မနက်က စ
သူ့ရဲ့ သီးသန့်မှာ
ရေးနွေးသောက်ခွင့် ရကြသတဲ့လေ။



ဟော .... တယောက်
ပြီးတော့ .... နောက် တယောက်
တယောက်ပြီး တယောက်
ဖောက်ခဲ့ကြတဲ့ ဒီလမ်း
လမ်းဆုံးတဲ့တနေ့ ရွာတွေ့ရမယ်ဆိုတာ
ငါ .... ယုံတယ်။

"ငါ့အလောင်းမှ
ထောင်သောင်းမြောက်များ
သွေးသစ်ပွားသော် .... သွေးသစ်ပွားသော် ...."
ရှက်ဟောင်းတွေ ကြွေကျသွားတာ
ရှက်သစ်တွေ ဝေဆာလာဖို့ မြေဩဇာ
ဒါ .... ချစ်စရာကောင်းတဲ့ ငါတို့ရင်ထဲက ထာဝရသစ္စာ။

"ထောင်သောင်းမြောက်များ
သွေးသစ်ပွားသော်
ငါကားဘယ်မှာ သေမည်နည်း။"
ဟုတ်တယ်
ခင်ဗျား မသေဘူး ကိုလေးမောင်
ကိုတင်မောင်ဝင်းလည်း မသေဘူး
ကိုစိန်ဝင်းလည်း မသေဘူး
ကိုခင်မောင်မြင့်လည်း မသေဘူး
အောင်ကျော်မိုးလည်း မသေဘူး
မောင်စည်လည်း မသေဘူး
..... ..... ..... မသေဘူး
..... ..... ..... မသေဘူး
ကျုပ်လည်း မသေဘူး
ဘယ်သူဆို ဘယ်သူမှ မသေဘူး
ကျုပ်တို့အားလုံး အမြဲရှင်တယ်။ ။

ဇွန်မိုး
၁၇ – ၉ – ၂၀၀၂

ဒရစ်ဆက် – – – – Drip set
**(သာယာဝတီ အကျဉ်းထောင်တွင် ကျဆုံးသွားခဲ့သော အကိုကြီး ဦးအောင်မေသသို့ အမှတ်တရ)**

# ဒီမို ၂၀၀၆ နှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်အောင်ထက် နှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခြင်း

**မေး။** ။ ဒီမို၂၀၀၆ နည်းနာကို ရှင်းပြပေးပါ။

**ဖြေ။** ။ ပထမ 'ဒီမို ၂၀၀၆' က ပြည်တွင်းမြေအောက်လှုပ်ရှားမှု အလုပ်အဖွဲ့ဖြစ်တယ်။ ၁၉၈၀ ခုနှစ်တွေတုန်းက ဗကပ ဖွဲ့ခဲ့တဲ့ (၄၈၂၈) အလုပ်အဖွဲ့နဲ့ မတူပါဘူး။ 'ဒီမို ၂၀၀၆' က သဘောထားတူညီသူများ ထီးရိပ်တခုတည်းအောက်မှာ အလုပ်တူတွဲလုပ်ဖို့ပဲ ဖြစ်တယ်။ ယူဂျီကို တပ်ပေါင်းစုနဲ့ လုပ်ဖို့ မဟုတ်ပါဘူး။ မိမိပါတီ တခုတည်းလုပ်တဲ့ ယူဂျီကိုတောင် လိုင်းတွေမပူးအောင် လုပ်ထားတဲ့ကြားက ပူးဖြစ်အောင်ပူးခဲ့သေးတယ်။ အဖွဲ့ပေါင်းစုံပါတဲ့ 'ဒီမို ၂၀၀၆'ယူဂျီကို လိုင်းမပူးအောင်လုပ်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ကိုယ့်လိုင်းနဲ့ ကိုယ်လုပ်ကြရမှာ ဖြစ်ပါတယ်။ 'ဒီမို ၂၀၀၆' မှာ ဗဟိုမရှိပါဘူး။

၂။ ဒုတိယ။ ရန်သူက မိမိယူဂျီထဲ ခိုးဝင်မှာကို ကာကွယ်နိုင်ရမယ်။ ၁၉၄၀ ခုနှစ်တွေတုန်းက လုပ်ခဲ့တဲ့ယူဂျီ အတွေ့အကြုံကို ယူပြီးလုပ်ရင် ကောင်းတယ်လို့ ယူဆပါတယ်။ အဲဒီတုန်းက ယူဂျီတွေ တပြည်လုံးအနှံ့ ဖွဲ့ပါတယ်။ ယုံကြည်စိတ်အချဆုံး ရဲဘော်ရဲဘက်တွေပဲပါတဲ့ ရပ်ကွက်အလိုက်၊ ကျောင်းအလိုက် အစုကလေးတွေ လူနည်းနည်းနဲ့ ဖွဲ့တယ်။ လူစိမ်းသူစိမ်း လုံးဝ လက်မခံပါဘူး။ တမြို့ထဲမှာတောင် အဲဒီလိုအစုကလေးတွေ အများကြီးဖွဲ့ပါတယ်။ တစုရှိနေတာ တစုက မသိပါဘူး။ အခါအခွင့်ကောင်းပေါ်တော့မှပဲ တစုနဲ့တစု ဆက်သွယ်မိကြတယ်။

၃။ တတိယ။ O/G အဖွဲ့အစည်းတွေနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်ရပါမယ်။ အဲဒီအကြောင်းကြောင့်ပဲ အဲန်အယ်ဒီနဲ့ပတ်သက်ရာပတ်သက်ကြောင်း ပြည်ပရောက် အဖွဲ့အစည်းတွေနဲ့ 'ဒီမို၂၀၀၆'ကို ကင်းကင်းရှင်းရှင်းဖြစ်အောင် စီစဉ်ရတာဖြစ်ပါတယ်။

၄။ စတုတ္ထ။ တံတားအသွယ်အသွယ် ထိုးပြီး လူထုဆီသွားဖို့ ဖြစ်တယ်။ ဟိုတုန်းက ယူဂျီက လူထုဆီ တိုက်ရိုက်သွားရတယ်။ တံတားတခုတလေပဲ ထိုးနိုင်တယ်။ ယူဂျီက လက်ကမ်းစာရွက် ဝေရတယ်။ ပိုစတာ ကပ်ရတယ်။ အခုတော့ အဲဒီလိုလုပ်ဖို့ မလိုဘူး။ အသံလွှင့်မီဒီယာတွေ ရှိနေတယ်။ ယူဂျီမူ ဖြစ်တဲ့ 'အင်အားစုဆောင်း၊ ရေရှည်မြှုပ်နှံ၊ အခါအခွင့်ကောင်းစောင့်'တာကိုပဲ အတိအကျလိုက်နာနိုင်ပြီ။

– တပ်မတော်ထဲကိုရောက်ဖို့ တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု RAM U/G တံတား ရှိရမယ်။

– 'ငြိမ်းအဖွဲ့'တွေကို မိမိတို့ရဲ့ အကျိုးစီးပွားအပေါ် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ဖို့ ချဉ်းကပ်တဲ့တံတား ရှိရမယ်။

– နအဖရဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ ယန္တရားတွေနဲ့ ကြံ့ခိုင်ရေးအဖွဲ့လို အဖွဲ့တွေထဲမှာ မြှုပ်နှံထားတဲ့တံတားတွေ ရှိရမယ်။ ကိုယ့်အခြေအနေအရ ကိုယ့်တံတား ကိုယ်ထိုးထားကြဖို့ပါ။ ၂၁ ရာစု မျိုးဆက်သစ်နဲ့ အဆက်ရရေးတံတားက အဓိက အကျဆုံးတံတား ဖြစ်ပါတယ်။

၅။ ပဉ္စမ။ 'ဒီမို ၂၀၀၆'ဟာ ထီးရိပ်မိုးပေးတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဗကပ အပါအဝင် ပါတီတွေက မိမိရဲ့လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ထိန်းသိမ်းထားပြီး ထီးရိပ်အောက်မှာ လှုပ်ရှားကြဖို့ ဖြစ်ပါတယ်။ ဒီလိုလုပ်မှ အခါအခွင့်ကောင်းကို လက်မလွတ်မှာ ဖြစ်ပါတယ်။ မိမိတပါတီတဖွဲ့တည်း ကိုယ့်ယူဂျီနဲ့ ကိုယ်လုပ်နေရင် အားမဖြစ်နိုင်ပါဘူး။

'ဒီမို၂၀၀၆'ဟာ ပါတီတခု၊ တပ်ပေါင်းစုတခု မဟုတ်ဘူးဆိုတဲ့ မူအပေါ်မှာ တင်းတင်းကျပ်ကျပ် ရပ်တည်ရပါမယ်။

၆။ ဆဋ္ဌမ။ နောက်ဆုံးအချက်ပါ။ ဒါပေမယ့် အရေးအကြီးဆုံး ဖြစ်ပါတယ်။

– ၁၉၈၈ ခုနှစ်တုန်းက အဓိကလှုပ်ရှားတက်ကြွခဲ့သူတွေဟာ အများအားဖြင့် ၃ နေရာမှာ ရှိနေပါတယ်။ အများတကာ့အများစုကြီးက ပြည်တွင်းမှာပဲ အခက်အခဲအကျပ်အတည်းမျိုးစုံကို အံကြိတ်ခံကာ ရပ်တည်နေကြတယ်။ တခုက ပြည်တွင်းထောင်တွေထဲမှာပါ။ တခုက အကြောင်းအမျိုးမျိုးကြောင့် တတိယနိုင်ငံထွက်ကြရပါတယ်။ သူတို့ကို တော်လှန်တဲ့ နိုင်ငံရေး အတွေးအခေါ်အပ်ဖို့ လိုပါတယ်။

– ပြည်ပမှာနေကြရင် စားဝတ်နေရေး လုံးပမ်းရတယ်။ နိုင်ငံရေးလုပ်ရင် တခုခုကို မှီခိုရတယ်။ နိုင်ငံရေးအတွေးအခေါ်ကို ပြည်ပအစိုးရတွေ၊ နိုင်ငံရေးသမားတွေက အမျိုးမျိုးဩဇာပေး ခံရတတ်ပါတယ်။ အဲဒီလိုနဲ့ တချို့က ရန်/ငါ စည်းပြတ်တာကို အပြစ်ရှာချင်လာတယ်။ ရန်သူဆိုတာ ဗကပရဲ့ဝေါဟာရလို့ ပြောချင်လာတယ်။ နဝတ/နအဖက ထုတ်သမျှ စာအုပ်တိုင်းမှာ ထည့်ခိုင်းနေတဲ့ 'ပြည်သူ့သဘောထား' 'ဘုံရန်သူ'ဆိုတာကိုတော့ အပြစ်မရှာကြပါဘူး။ နအဖ ကကိုယ့်ကို ရန်သူလို့ ခေါ်ရင် ကိုယ်ကသူ့ကို ရန်သူလို့ ပြန်ခေါ်စရာပဲ ရှိပါတယ်။ တခြား ဝေါဟာရ ကျနော်တို့တော့ ရှာမရပါ။

–"orthodox မဖြစ်နဲ့ ဗိုလ်ခင်ညွန့်က moderate ပဲ" ဆိုတဲ့ အတွေးအခေါ်လည်း ကြားရပါတယ်။ လက်မခံပါ။ 'ဇာနည်ဖြေရှင်းနည်း'ကိုလည်း သဘောမတူပါ။ အတွေးအခေါ်အရသာလက်မခံတာ သဘောမတူတာပါ။ တယောက်ယောက်က လုပ်ကြည့်ချင်သပဆိုရင် တကူးတက ကန့်ကွက်နေမှာ မဟုတ်ပါ။

– lobby 'ဖြေရှင်းနည်း' ကို ဗကပ က တခုတည်းသော လုပ်စရာလို့ မယူဆပါ။ လုပ်ကြည့်တာကို မကန့်ကွက်ပါ။ သို့သော် အတွေးအခေါ်အမှားနဲ့ ထင်ယောင်မှားမှုတခု ဖြစ်ပေါ်လာစေရင် အတွေးအခေါ်အရ ရှင်းပြတာ လုပ်ပါမယ်။ ဗကပ ကို အတွေးအခေါ်ရေးအရ ထိုးနှက်တိုက်ခိုက်လာရင်တော့ တုံ့ပြန်မှာပါ။

ခုရှုပ်မှ နောင်ရှင်း ပြောပါရစေ။

– ဗကပ က ပြည်တွင်းပြဿနာ ပြည်တွင်းမှာရှင်းကြဖို့ ပြောနေတာဟာ တရုတ်အစိုးရနောက်ယောင်ခံလိုက်ပြီး ပြောနေတာ မဟုတ်ပါဘူး။ ပြည်တွင်းစစ်တိုက်နေကတည်းက ပြောတာပါ။ ပြင်ပက ပါလာရင် အထမ်းထက် အဆွဲလေးတတ်လို့ပါ။ ဗမာပြည်ပြဿနာက ပျောက်သွားပြီး သူတို့ပြဿနာက ထိပ်တက်လာကာ မိမိတို့က 'ဝေလေလေသမား'တွေ ဖြစ်သွားတတ်လို့ပါ။ ဗမာပြည်ရဲ့ သမိုင်းအတွေ့အကြုံကို ကြည့်ပြီး စိုးရိမ်တာပါ။

– စင်ပြိုင်အမျိုးသားညီလာခံ ပြည်ပမှာ ခေါ်ရေးတို့ ၁၉၉၀ လွှတ်တော်ကိုယ့်ဘာသာ ပြည်ပမှာခေါ်ရေးတို့ ကြားနေရပါတယ်။ ဒီကြံဆချက်တွေကို သဘောမတူပါဘူး။ ပြည်တွင်းက NLD/CRPP ကို စင်ပြိုင်လုပ်သလိုတောင် ဖြစ်သွားမှာ စိုးပါတယ်။ (ဂန္ဒီခန်းမစည်းဝေးစဉ်က ကိုယ့်ဘာသာ လွှတ်တော်ခေါ်ရင် ဖြစ်နိုင်ပါတယ်။ အခု မဖြစ်နိုင်သေးပါ)–အမေရိကန်ရောက် စစ်ဗိုလ်ကြီးတွေရဲ့ ဆွေမျိုးသားချင်းတူသား နောင်မယ်တွေကို sanction တံပြာနဲ့ လိုက် ရိုက် နေ တာ ကို လည်း



အကောင်းဆုံးလုပ်နည်းလို့ မယူဆပါဘူး။ 'ဒီမို ၂၀၀၆'လုပ်နည်းက သူတို့ကို ချဉ်းကပ်နိုင်သူကို တာဝန်ပေးပြီးစည်းရုံးရင် အကျိုးများမယ် ထင်ပါတယ်။ တရုတ်ပြည်တော်လှန်ရေး – ဗမာပြည်တော်လှန်ရေးမှာ ဒီလိုပဲလုပ်ခဲ့လို့ အောင်မြင်မှုတွေ ရခဲ့ဖူးပါတယ်။ ဗမာပြည်ကို နေ့ချင်းပြန်သွားပြီး ထောက်လှမ်းရေး ဒုတိယတန်းစားတွေနဲ့ ဆွေးနွေးလို့ကတော့ ဘာသတင်းမှ မရနိုင်ပါဘူး။ သူတို့ပေးတဲ့သတင်းမှားပဲ ရမှာပါ။ ကိုယ်ကပဲ ပေးခဲ့ရပြီး လှုံ့ရှည်ထိုးချက်မိကာ ပြန်လာရမှာပါပဲ။ ရန်သူက ကိုယ့်အတွင်း ဖြိုခွဲရေးလုပ်တာကို ဗကပ က လျှံ့ရှည်ထိုးခံရတယ်လို့ သုံးပါတယ်။ စစ်အုပ်စုတွေနဲ့ ဆက်ဆံခဲ့တဲ့ ဗကပရဲ့သမိုင်းက ကြာသလို လှုံ့ရှည်ထိုးခံရပေါင်းလည်း မနည်းတော့ပါ။

နောက်ဆုံးအနေနဲ့ ချုပ်ပြီးတင်ပြလိုတာက နိုင်ငံရေးအတွေးအခေါ်ကိစ္စမှာ ဒီမိုကရေစီရှိဖို့ လိုပါတယ်။ တပ်ပေါင်းစုဖွဲ့ထားပြီး ကိုယ့်သဘောနဲ့ ကိုယ်လုပ်နေရင် အဲဒီတပ်ပေါင်းစုဟာ နာမည်ခံပဲ ဖြစ်ပါလိမ့်မယ်။ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု ကျင့်သုံးတယ်ဆိုပြီး ထုတ်ပစ်နေရင်လည်း ထုတ်လို့ဆုံးမှာမဟုတ်ပါ။ ဒါကြောင့် 'ဒီမို ၂၀၀၆' ကို တပ်ပေါင်းစုလို မဖွဲ့ပါဘူး။

(၈၈၈၈) မျိုးဆက်ဟာ သမိုင်းတာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမယ့် ၂၁ မျိုးဆက်နဲ့ မျိုးဆက်ချင်းဆက်နေပါတယ်။ တတိယနိုင်ငံထွက်ကြမယ့် ရဲဘော်များသို့ ဦးတည်ချက်ထားကာ ဗကပ က တင်ပြခြင်း ဖြစ်ပါတယ်။

**မေး။** ။ ဒီမို '၂၀၀၆'ဘာကြောင့် အောင်မြင်နိုင်ပါသလဲ။

**ဖြေ။** ။ ၁။ ဘာကြောင့် 'ဒီမို၂၀၀၆' အောင်မြင် နိုင်သလဲဆိုတဲ့ အဓိကမေးခွန်းကို ဖြေပါမယ်။ ရှေ့ပိုင်းကရှင်းချက်က ကြုံကြိုက်လို့ မိုးကြိုးအမေးအဖြေမှာ ထည့်ပေးလိုက်တာပါ။ ဘာ့ကြောင့်ဖွဲ့သလဲ၊ ဘယ်လိုဖွဲ့သလဲ ဆိုတာသိမှ ဘာကြောင့်အောင်မြင်နိုင်သလဲ ဆိုတာ ရှင်းလို့ရမှာပါ။

အတိုဆုံးဖြေရင် လုပ်မယ့်သူများတယ်။ လုပ်တဲ့နည်းလည်း ရှိတယ်။ ပြည်တွင်း ပြည်ပ အခြေအနေကလည်း ကောင်းနေလို့ပဲ။ အတွေးအခေါ် ရှုပ်ထွေးမှု မရှိဖို့ပဲ လိုပါတယ်။

(၈၈၈၈)တုန်းကတောင် မအောင်မြင်တာ အခုဘယ်လိုကြောင့် အောင်မြင်နိုင်ပါ့မလဲလို့ စောဒက တက်ချင်သူတွေ ရှိမှန်းသိပါတယ်။ ဗကပ နည်းက orthodox နည်းပဲလို့ ပြောနေသူတွေ ရှိမှန်းသိပါတယ်။ သူတို့ကို ဦးတည်ပြီး ဖြေပါ့မယ်။

(၈၈၈၈) တုန်းက အတွေးအခေါ် ခေါင်းဆောင်မှု အလွန်များခဲ့ပါတယ်။ ရှုပ်ထွေးမှုလည်းရှိပါတယ်။ အခုအချိန်အထိ အငြင်းအခုံ မစဲသေးပါဘူး။ (အင်တာနက် စာမျက်နှာတွေပေါ်မှာ ကြည့်ပါ)

ဗိုလ်ခင်ညွန့်ရဲ့ သတင်းစာရှင်းလင်းပွဲက အတွေးအခေါ် ရှုပ်ထွေးမှုကိုဝင်ပြီး အသုံးချသွားတာပါ။ လမ်းမပေါ်မှာကျောင်းသားရှေ့ဆောင်တဲ့လူထုက 'တို့အရေး' ကြွေးကြော်နေချိန်မှာ ဗိုလ်အောင်ကြီးအိမ်ပေါ်မှာ ဦးနုအိမ်ပေါ်မှာနဲ့ တခြားအိမ်တွေပေါ်မှာ "အာဏာခွဲဝေပွဲ"ကျင်းပနေပါတယ်။ လမ်းပေါ်ကလူထုကို ရှေ့ဆောင်နေသူ ကျောင်းသားတွေက အောင်စုတင် ကြိုး ၅ ကြိုး အဝေညီကြဖို့ ပြောဆိုတောင်းပန်နေကြရတယ်။ နောက်ဆုံး – နဝတ က အာဏာသိမ်း တောထဲထွက်လာရတော့လည်း ကျောင်းသားခေါင်းဆောင်တချို့မှာ 'တို့က နိုင်ငံရေး မလုပ်ဘူး။ နဝတ ပြုတ်အောင်တိုက်ပေးမယ်။ အာဏာဝေစုတော့ ပါတီတွေခွဲဝေယူကြ' ဆိုတဲ့ စိတ်ကူးယဉ်မှု ပါလာသေးတယ်။ ဒီစိတ်ကူးယဉ်မှုက ၁၆ နှစ်ရှိပေမယ့် တချို့မှာ ပျောက်သေးဟန်မတူဘူး။ 'ဇာနည်ဖြေရှင်းနည်း' က အဲဒီ သဘောပါနေတယ်။ အံ့ခွအောင်စားနေကျ MI က 'MI နိုင်ငံရေး' လုပ်လွှတ်လိုက်တာ တွေ့ရတယ်။ 'နိုင်ငံရေးမျိုးဆက်ဟောင်းတွေနဲ့ စစ်အုပ်စုမျိုးဆက်ဟောင်းတွေ ပါတီနိုင်ငံရေးလုပ်ကြလို့ (နေဝင်းကို နာမည်ဖော် မပြောဘူး။ ဥက္ကဋ္ဌ ဗိုလ်အောင်ရွှေကို နာမည် ဖော်ပြောတယ်) ပြည်တွင်းစစ်ဖြစ်တာပဲ။ ဒါကြောင့် နအဖ က သူတို့နဲ့ အဆက်ဖြတ်လိုက်ပြီ။ အခုဆိုရင် အောင်မြင်မှုတွေ မကြုံစဖူးရနေပြီ – ခင်ဗျားတို့လည်း အာဏာဝေစုခွဲရင်း ရန်ဖြစ်နေတဲ့ မျိုးဆက်ဟောင်း နိုင်ငံရေးသမားတွေနဲ့ လမ်းခွဲလိုက်ပါ'ဆိုပြီး ပြောလွှတ်လိုက်တယ်လို့ ကြားရတယ်။ အမြီးပြတ်မြေခွေးပုံပြင်ကို သတိရစရာပဲ။

အတွေးအခေါ်မရှုပ်ကြရင် အောင်မြင်မှာပါ။ အခုကာလက စစ်အေးခေတ် မဟုတ်ဘူး။ ပြည်တွင်းစစ်တိုက်နေချိန် မဟုတ်ဘူး။ RAM အောင်မြင်နိုင်ပါတယ်။ အတွေ့အကြုံအရ ပြောရရင် ဖက်ဆစ်ဗိုဇပါတဲ့ BIA - BDA ကို PBF ဖြစ်အောင် ပြုပြင်ယူတာမှာ ၁၉၄၄ ကျမှ ပိုမြန်လာတာ ဖြစ်တယ်။ စောစောကတော့ ဗကပရဲ့ ဖက်ဆစ်ဆန့်ကျင်ရေးလမ်းစဉ်ကို လက်မခံကြပါဘူး။ ၁၉၄၄ နှစ်ဆန်းကျမှ စစ်ရဲ့ချိန်ခွင်လျှာ ပြောင်းနေပြီဆိုတာ စစ်ဗိုလ်တွေ သိလာလို့ လက်ခံတာပဲ။ အခုလည်း ကမ္ဘာကြီးရဲ့ တိမ်းညွတ်မှုကို စစ်ဗိုလ်တွေသိအောင် လုပ်ရပါမယ်။ ၁၉၉၀ ရွေးကောက်ပွဲကို ပြည်ဖုံးကား ချချင်တဲ့ အတွေးအခေါ်ကို ဆန့်ကျင်ရပါမယ်။

ဆေးရိုးသည်က ကန့်လန့်ကန့်လန့် လုပ်တဲ့ အတွေးအခေါ်ကို ဆန့်ကျင်ရပါမယ်။ အာဏာပြဿနာ စကားပြောရမှာက NLD/CRPP ပါ။ ဗကပ မဟုတ်ပါဘူး။ တခြား ဘယ်ပါတီမှ မဟုတ်ပါဘူး။ ပြည်ပရောက်နေသူတွေ ပိုပြီးမဟုတ်နိုင်ပါဘူး။ ဒါပါပဲ။

**မေး** ။ ။ မိုးကြိုးကတဆင့် ပြည်သူလူထုကို အခြားဘာများပြောချင်ပါသလဲ။

**'ဗကပ'က ပြည်သူလူထုသာမက တပ်မတော်ကိုပါ အရေးတကြီး တင်ပြချင်တာ တခုရှိပါတယ်။ အာဏာလွှဲပြောင်းရေးအတွက် အာဏာပိုင်တွေနဲ့ ဆွေးနွေးခွင့်ရှိသူ က NLD/CRPP သာ ဖြစ်ပါတယ်။ အခြား မည်သူမျှ အစားထိုးနေရာယူခွင့် မရှိပါ။**

**အာဏာပိုင်ဘက်က ဆွေးနွေးသူကတော့ အပြောင်းအလဲ ရှိနိုင်ပါတယ်။ နအဖက ဆွေးနွေးနိုင်သလို တပ်မတော်ကို ကိုယ်စားပြုတဲ့ အမြော်အမြင်ရှိ စစ်အာဏာပိုင်များကလည်း ဆွေးနွေးနိုင်ပါတယ်။**

**တွေ့ဆုံဆွေးနွေးပြီး အာဏာလွှဲပြောင်းတဲ့နည်းသာလျှင် တိုင်းပြည်အတွက် အနာအကျင်အနည်းဆုံးနည်းဖြစ်လို့ အဲဒီနည်းဖြစ်မြောက်ဖို့'ဒီမို ၂၀၀၆' မြေအောက် အလုပ်အဖွဲ့က ကြိုးစားနေတာ ဖြစ်ပါတယ်။** ❖

# နိုင်ငံတကာ

## အကျဉ်းသားဖလှယ်ရေးစီမံကိန်းအား ကိုလံဘီယာသူပုန်များ ပြင်းပြင်းထန်ထန်ဝေဖန်

**ဩဂုတ်(၂၃)ရက်၊ [အေပီ]**

ပြန်ပေးဆွဲခံရသည့် နိုင်ငံရေးသမားများ၊ စစ်သားများ၊ အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်များအား အကျဉ်းထောင်တွင်းရှိ ပြောက်ကျားများနှင့်ဖလှယ်ရန် အစိုးရ၏ အဆိုပြုချက်အား ကိုလံဘီယာ၏ အဓိက သူပုန်အုပ်စုကြီးက ဝေဖန်ခဲ့သည်။ သို့သော် နှစ်ဖက်စလုံးအနေဖြင့် နောက်ဆုံးတွင် ဖလှယ်ရေးပုံစံအချို့အတွက် တူညီသည့် အခြေခံကို ရှာဖွေနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကိုလံဘီယာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့(FARC)က ပြောကြားခဲ့သည်။ အကျဉ်းထောင်မှ လွှတ်ပေးလိုက်သည့် ပြောက်ကျားများသည် တိုင်းပြည်မှထွက်သွားမည်လား (သို့မဟုတ်) အစိုးရမှ ကမကထ ဆောင်ရွက်သည့်လုပ်ငန်းစဉ်အောက်တွင် လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ရောက်မည်လားဆိုသည့် သမတ အယ်ဗာရိုယူရီဘဲ ၏ အစိုးရအဖွဲ့က ကြေညာခဲ့သည့် အဆိုပြုချက်တခုကို သူပုန်အဖွဲ့က ဝေဖန်ခဲ့သည်။ သူပုန်အဖွဲ့က အဆိုပြုချက်အား ပယ်ချခြင်းကို ၎င်းအနေဖြင့် စိတ်ပျက်မိကြောင်း ဒု သမတ ဖရန်စစ္စတိုဆန်းတော့စ်က ပြောကြားခဲ့သည်။ အကျဉ်းထောင်ထဲရှိ သူပုန် (၅၀)နှင့် သူပုန်များဖမ်းဆီးထားသည့် ၎င်းတို့အခေါ် နိုင်ငံရေးဓားစာခံများကို အရေအတွက် တူညီစွာဖလှယ်ရန် အစိုးရ အဆိုပြုချက်တွင် ဖော်ပြထားသည်။ ထောင်ကျနေသည့် ၎င်းတို့၏ ရဲဘော်များထဲမှ မည်သူ့ကိုလွှတ်မည်၊ မည်မျှလောက်လွှတ်မည် ဆိုခြင်းမှာ အစိုးရ အလုပ်မဟုတ်ဘဲ ၎င်းတို့သာ ဆုံးဖြတ်သင့်ကြောင်း သူပုန်များက ပြောဆိုခဲ့သည်။ ကိုလံဘီယာသူပုန်အဖွဲ့သည် စစ်သည် အင်အား (၁၆,၀၀၀)ကျော်ရှိပြီး၊ ဘဏ္ဍာရေး ကိစ္စရပ်များဖြေရှင်းရန်အတွက် နှစ်စဉ် လူပေါင်း ရာကျော်အား ပြန်ပေးဆွဲသည်။ နိုင်ငံရေးသမားများ၊ ရဲအရာရှိများ၊ စစ်သားများနှင့် လွန်ခဲ့သည့် (၁၈)လက ဓားစာခံအဖြစ်ခေါ်ယူထားသည့် အမေရိကန် လုပ်ငန်းရှင်(၃)ဦး အပါအဝင် နိုင်ငံရေးဓားစာခံ တဒါဇင်ခန့်ကိုလည်း ဆက်လက် ထိန်းသိမ်းထားဆဲရှိသည်။ အကျဉ်းသားဖလှယ်ရေးစီမံကိန်းမှာ အစိုးရ၏မူဝါဒ အပြောင်းအလဲတရပ်ဖြစ်သည်။ ပြန်ပေးဆွဲခြင်းကို အားပေးစေသည်ဟုဆိုပြီး ယခင်က ဤမူဝါဒကို အသုံးမပြုခဲ့ချေ။ ဤအကျဉ်းသားဖလှယ်ရေးစီမံကိန်းသည် အဆုံးတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၏ ပုံစံတမျိုးဖြစ်လာနိုင်သည်ဟု အကဲခတ်သမားများက ပြောဆိုကြသည်။ ကိုလံဘီယာ သူပုန်ထမှုမှာ နှစ်ပေါင်း (၄၀)ကြာပြီဖြစ်ပြီး နှစ်စဉ် လူပေါင်း (၃,၅၀၀)ခန့် သေဆုံးနေသည်။ ❖



ကိုလံဘီယာ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တဖွဲ့ကို တွေ့မြင်ရစဉ်။

## သတင်းတိုထွာ

### အီရတ်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

၂၀၀၄ ခုနှစ်၊ ဩဂုတ် (၃၀)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၁,၁၀၆)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၉၇၅)ဦး၊ ဗြိတိသျှစစ်သား(၆၅)ဦး၊ အီတလီစစ်သား(၁၉)ဦး၊ စပိန်စစ်သား(၁၁)ဦး၊ ဘူဂေးရီးယားစစ်သား(၆)ဦး၊ ယူကရိန်းစစ်သား(၈)ဦး၊ ပိုလန်စစ်သား(၁၀)ဦး၊ ဆလိုဗက်စစ်သား(၃)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒတ်ချ်စစ်သား(၂)ဦး ဒိန်းမတ်စစ်သား(၁)ဦး၊ အက်စ်တိုးနီးယားစစ်သား(၁)ဦး၊ ဟန်ဂေရီစစ်သား(၁)ဦး၊ လတ်ဗီးယန်းစစ်သား(၁)ဦး၊ ဆာလဗေးဒိုးစစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန် သတင်းဌာနအရ စစ်ပွဲအတွင်း ဒဏ်ရာရရှိသော အမေရိကန်စစ်သားဦးရေမှာ(၆,၆၉၀)ဦး ရှိပြီးဖြစ်သည်။ **[စီအဲန်အဲန်]**

### ကွန်ဂိုသို့ နောက်ထပ်စစ်ကူလွှတ်ရေး

ကွန်ဂိုငြိမ်းချမ်းရေး ထိန်းသိမ်းမှုအဖွဲ့အား အင်အားထပ်မံဖြည့်စွက်ရန်အတွက် နောက်ထပ်စစ်သည် (၁၃,၀၀၀)စေလွှတ်ပေးရန် ကုလသမဂ္ဂက အမေရိကန်သို့ ပန်ကြားလိုက်သည်။ လက်ရှိ၌ ကွန်ဂိုတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ အင်အား (၁၀,၈၀၀)ရှိပြီး အင်အား(၂၃,၉၀၀)သို့ တိုးမြှင့်ချထားရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ထောက်ခံလိုက်သည်။ ကွန်ဂို ပြည်တွင်းစစ်သည် (၅)နှစ် ကျော်ကြာပြီဖြစ်ပြီး လူပေါင်း(၃)သန်းကျော် သေဆုံးခဲ့သည်။ အများစုမှာ ရောဂါဘယ များ ဖြစ်ပွားနေကာ ငတ်မွတ်နေကြသည်။ ထိုဒေသသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များထပ်မံစေလွှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်(၁၅)နိုင်ငံတွင်အများစုက သဘောတူကြသည်။ ကွန်ဂိုမစ်ရှင်အဖွဲ့သည် ဤနှစ်တွင် ဒေါ်လာသန်းပေါင်း (၇၄၆)သန်း ကုန်ကျမည်ဖြစ်ပြီး ဝါရှင်တန်က ကုန်ကျမှု၏ လေးပုံတပုံသာ ပေးသည်။ **[အေအက်ဖ်ပီ]**

### အမေရိကန်ဆင်းရဲသားဦးရေတိုး

၂၀၀၃ ခုနှစ်တွင်အမေရိကန်၌ ဆင်းရဲသားဦးရေ (၁.၃)သန်းထိ တိုးပွားလာပြီး အာမခံမထားသူ အဆင့်ဦးရေမှာ (၁.၄)သန်းထိများလာကြောင်း သန်းခေါင်စာရင်းဌာနက (၂၅)ရက်နေ့က အစီရင်ခံသည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန် (၃၅.၈)သန်းသည် ဆင်းရဲမှုအဆင့် သတ်မှတ်မှုအောက်၌နေထိုင်နေပြီး ၎င်းမှာလူဦးရေ၏ (၁၂.၅) ရှိကာ ၂၀၀၂ ခုနှစ်တွင်(၃၄.၅)သန်း (သို့မဟုတ်) လူဦးရေ၏ (၁၂.၁)ရှိရာမှ တက်လာခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်က (၁၈)နှစ်အောက် ကလေးဦးရေ၏ (၁၇.၆) (သို့မဟုတ်) (၁၂.၉)သန်းမှာ ဆင်းရဲမှုအဆင့်အောက်၌ နေထိုင်နေကြရပြီး ၂၀၀၂ ခုနှစ်၌ ဆင်းရဲသည့် ကလေးဦးရေ စုစုပေါင်း (၁၆.၇) နှင့်နှိုင်းစာလျှင် လူဦးရေ (၈၀၀,၀၀၀) တိုးပွားလာခြင်းဖြစ်သည်။ **[အေပီ]**

### အန်ဂျီအိုများအားထိန်းချုပ်ရန်ဇင်ဘာဘွေ၏ ခြေလှမ်း

နိုင်ငံခြားလူ့အခွင့်အရေး အဖွဲ့အစည်းများအား တားမြစ်ပြီး၊ ဒေသဆိုင်ရာ အလှူငွေများကိုထိန်းချုပ်မည့် ဥပဒေဆိုင်ရာအဆိုပြုချက်တရပ်အား ဇင်ဘာဘွေအစိုးရက ထုတ်ပြန်လိုက်သည်။ ဤဥပဒေကြမ်းအရ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် လိုင်စင်လျှောက်ရန်လိုအပ်သည်။ သို့သော် ဤအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်သည် လူ့အခွင့်အရေးမြှင့်တင်ရန်ဆိုလျှင် မည်သူ့ကိုမျှ လိုင်စင်ချပေးမည်မဟုတ်၊ ဥပဒေတွင်း အဖွဲ့အစည်းအများကိုလည်းနိုင်ငံခြားမှ ရန်ပုံငွေလက်ခံခြင်းကို တားမြစ်လိမ့်မည်။

"နိုင်ငံခြား အန်ဂျီအိုများ၏ အဓိကရည်ရွယ်ချက်၌ အုပ်ချုပ်ရေးကိစ္စရပ်များ ပါဝင်နေလျှင် ၎င်းတို့ကို မှတ်ပုံတင်ခွင့်ပြုမည်မဟုတ်"ဟု ဥပဒေကြမ်း၏ အဓိကအပိုဒ်က ဖော်ပြထားသည်။ ဤဥပဒေကြမ်းကို ဤနှစ်လွှတ်တော် ပြန်လည်ကျင်းပသည့်အခါတွင် လွှတ်တော်မှ တဆင့် အတည်ပြုလိမ့်မည်ဟု မျှော်လင့်ရသည်။ **[ဘီဘီစီ]**

### ဗင်နီဇွဲလားသံနိုဌာန်

ပြီးခဲ့သည့်အပတ်က ပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲ၌ ရရှိခဲ့သည့် ၎င်း၏အောင်ပွဲအား အသိအမှတ်ပြုရန် အတိုက်အခံများက ငြင်းဆိုနေသော်ငြားလည်း ၎င်းအခေါ် ဆင်းရဲသားများအတွက် တော်လှန်ရေးကို ရှေ့တိုးဆောင်ရွက်ရန် ဗင်နီဇွဲလား သမတ ဟူဂိုချာဗက်ဇ်က သံနိဌာန်ချမှတ်ခဲ့သည်။ ၎င်းအားရာထူးမှဖယ်ရှားရန် ကျင်းပပြုလုပ်သည့် ဆန္ဒခံယူပွဲတွင် ချာဗက်ဇ်သည် မဲအားလုံး၏ (၅၉)ရာခိုင်နှုန်း ရရှိခဲ့သည်။ ဆင်းရဲသား အများစုအား ကိုယ်စားပြုသည့် သမတ ချာဗက်ဇ်နှင့် အတိုက်အခံများအကြား သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေသည်။ **[အေပီ]**

## ပါကစ္စတန်ကြားဖြတ်ရွေးကောက်ပွဲတွင် သမတမူရှာရတ်ဖ်၏ လူ အနိုင်ရ

**ဩဂုတ်(၁၉)ရက်။ [ဘီဘီစီ]**

ကြားဖြတ်ရွေးကောက်ပွဲ၌ ပါကစ္စတန်၏ နောက်တက်မည့် သမတအဖြစ် လက်ရှိသမတမူရှာရတ်ဖ်က ရွေးချယ်ထားသည့် မစ္စတာအဇစ်က အနိုင်ရခဲ့သည်ဟု အရာရှိများက ပြောဆိုသည်။ လက်ရှိဘဏ္ဍာရေးဝန်ကြီးဖြစ်သူ မစ္စတာ အဇစ်သည် ဗိုလ်ချုပ်ကြီး မူရှာရတ်ဖ်၏ မဟာမိတ်တဦးဖြစ်ပြီး ဇာဖာရူလာခန်ဂျမာလီအား အစားထိုးရန် စီစဉ်ထားသည်။ ၎င်းသည် ဇွန်လက လွှတ်တော်ကိုယ်စားလှယ်အဖြစ် နှုတ်ထွက်ခဲ့သည်။

မစ္စတာအဇစ် အရွေးခံသည့်ခရိုင် (၂)ခုမှာ တောင်ပိုင်း ဆင်းပြည်နယ်ရှိ သာပါကာခရိုင်နှင့် အလယ်ပိုင်း ပန်ဂျပ် ပြည်နယ်ရှိ အက်တော့ခရိုင် တို့ဖြစ်သည်။ မစ္စတာအဇစ်သည် ဤမဲဆန္ဒနယ်(၂)ခုစလုံးတွင် အဓိက မဲအများစုကို ရရှိခဲ့သည်ဟု ပါကစ္စတန်သတင်းအေဂျင်စီက ပြောကြားခဲ့သည်။ အက်တော့ခရိုင်တွင် ယခင်ဘဏ်အရာရှိဖြစ်သူ မစ္စတာအဇစ်က ၎င်း၏ပြိုင်ဖက်အား မဲပေါင်း (၇)သောင်းကျော်ဖြင့် အပြတ်အသတ်အနိုင်ရခဲ့သည်။ မစ္စတာအဇစ်သည် နောက်အပတ်တွင် အစိုးရသစ်ကို ဖွဲ့စည်းလိမ့်မည်ဟု ပါကစ္စတန် ပြန်ကြားရေးဝန်ကြီး ရှိတ်ရာရှစ်အာမက် က ပြောကြားခဲ့သည်။



မစ္စတာ အဇစ်

ရွေးကောက်ပွဲကာလက မဲများကုလားဖန်ထိုးသည်ဟု အတိုက်အခံပါတီများက စွပ်စွဲပြောဆိုခြင်းကို မစ္စတာအာမက်က ငြင်းဆိုသည်။ အာဏာရ ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်ပါတီ က မစ္စတာအဇစ်ကို အသဲအသန် အနိုင်ရစေလိုသည်ဟု အက်တော့ဒေသ ဘီဘီစီသတင်းထောက် ဇက်ဖာအက်ဘတ်စ်က ပြောဆိုသည်။

လွန်ခဲ့သည့်(၄)နှစ်က စစ်အာဏာသိမ်းပြီးချိန်မှစ၍ ဘဏ္ဍာရေးဝန်ကြီး မစ္စတာအဇစ်သည် သမတမူရှာရတ်ဖ်၏ အယုံကြည်ရဆုံးအဖွဲ့ဝင်များထဲမှ တဦးဖြစ်လာသည်။ ယခင် ဘဏ်လုပ်ငန်းအမှုဆောင်တဦးဖြစ်သူ မစ္စတာအဇစ်သည် တိုင်းပြည်စီးပွားရေးလည်ပတ်ရန် ကြိုးပမ်းအားထုတ်ရာတွင် အဓိကအခန်းက ပါဝင်လုပ်ဆောင်ခဲ့သည်။ ရွေးကောက်ပွဲအောင်နိုင်ရေး လှုပ်ရှားမှုကာလက အကြမ်းဖက်မှုများ ဆိုးဆိုးဝါးဝါးဖြစ်ပွားခဲ့သည်။ ရွေးကောက်ပွဲ အာဏာပိုင်များက မဲဆန္ဒနယ်(၂)နယ်စလုံးရှိ မဲရုံများကို ကာကွယ်ရန်အတွက် စစ်သားများကို အမိန့်ထုတ်ထားခဲ့သည်။

ဖာတက်ဂျန်မြို့၌ အမည်မသိသေနတ်သမားတဦးက ယခင်ဝန်ကြီးချုပ်ဟောင်း ဘင်နာဇာဘူတို၏ ပါတီအားထောက်ခံသူများကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ဤမြို့၌ပင် ဇူလိုင်လက မစ္စတာအဇစ်အား လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားခဲ့သေးသည်။ ထိခိုက်မှု မရှိခဲ့သော်လည်း အသေခံဗုံးခွဲသူအပါအဝင် ပြည်သူ(၉)ဦး သေဆုံးခဲ့သည်။❖

# နိုင်ငံတကာ

## နဂျတ်ဖ် အကျပ်အတည်း အဓိကဖြစ်ပေါ်တိုးပွားမှုများ

**ဩဂုတ် (၂၅)။ [အေပီ]**

နဂျတ်ဖ်အကျပ်အတည်း
အဓိကဖြစ်ရပ်များ

မတ်-၂၈။ အမေရိကန် သိမ်းပိုက်ရေး အာဏာပိုင်က ရှီဟိုက်ဘာသာရေးခေါင်းဆောင် မူတာဒါအယ်လ်ဆားဒ်၏ အပတ်စဉ် သတင်းစာ အယ်လ်ဟော်ဇာကို ပိတ်လိုက်ပြီး ရက်အနည်းငယ်အကြာတွင် ၎င်း၏ အဓိက ကိုယ်ရံတော်တဦးအား ဖမ်းဆီးလိုက်သည်။ ဤဖြစ်ရပ်က (၂)လကြာ ပုန်ကန်မှုကို မီးထိုးပေးလိုက်ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး အကြိမ်ကြိမ်ပြုလုပ်ပြီး မေလနှောင်းပိုင်းနှင့် ဇွန်လအစောပိုင်းက ဤပုန်ကန်မှုသည် ပြီးဆုံးသွားခဲ့သည်။

ဩဂုတ်-၂။ အမေရိကန်စစ်တပ်သည် နဂျတ်ဖ်ရှိ အယ်ဆားဒ်၏နေအိမ်အား အနီးလာသည်။

ဩဂုတ်-၆။ အီရတ် ထိပ်တန်းဘာသာရေးခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတန်နီသည် ဆေးကုရန် အီရတ်မှ ဗြိတိန်သို့ ထွက်ခွာသည်။

ဩဂုတ်-၈။ ကြားဖြတ်ဝန်ကြီးချုပ် အယတ်အာလာဝီသည် နဂျတ်ဖ်သို့ မကြေညာဘဲ ခဏတာသွားရောက်သည်။ စစ်သွေးကြွများအား လက်နက်ချရန် တောင်းဆိုသည်။ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားသည်။

ဩဂုတ်-၁၂။ နဂျတ်ဖ်ရှိအယ်ဆားဒ်၏ ပြည်သူ့စစ်များအား အဓိက ထိုးစစ်ကြီး စတင်ရန် အမေရိကန်တပ်မတော်က ကြေညာသည်။ အမေရိကန်တပ်ဖွဲ့များသည် ဆားဒ်၏ အိမ်သို့ဝင်ရောက်စီးနင်းသည်။ မည်သည့်အရာမျှ မတွေ့။



ဘာသာရေးခေါင်းဆောင် မိုတာဒါဆားဒ်အား ထောက်ခံသူများအားတွေ့ရစဉ်

ကပ်ဝိုင်းရံထားသည်ဟု အယ်ဆားဒ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ ထိုဒေသရှိ စစ်သွေးကြွများနှင့် အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်ကြရာ အမျိုးသမီး (၁)ဦး သေဆုံးပြီး အခြားပြည်သူ (၃)ဦး ဒဏ်ရာရခဲ့သည်။

ဩဂုတ်-၅။ အယ်ဆားဒ်၏ ပြည်သူ့စစ်များက (၁၉၂၀)ခုနှစ် နဂျတ်ဖ် တော်လှန်ရေးရင်ပြင်ရှိ ရဲစခန်းအား မော်တာများ၊ ဒုံးလောင်ချာများဖြင့် တိုက်ခိုက်ရာ အမေရိကန်တပ်များက ရဲအင်အား တိုးချဲ့ချထားခဲ့သည်။ ထိုမှစ၍ ပြင်းထန်သည့် တိုက်ပွဲများ ရက်သတ္တပတ်ပေါင်းများစွာ စတင်ဖြစ်ပေါ်

ဩဂုတ်-၁၃။ ဘာသာရေးခေါင်းဆောင်သည် တိုက်ခိုက်မှုအတွင်း အနည်းအကျဉ်း ထိခိုက်ဒဏ်ရာရခဲ့သည်ဟု အယ်လ်ဆားဒ် ၏ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ အစိုးရနှင့် အယ်လ်ဆားဒ်၏ အရာရှိများအကြား အခတ်ရပ်စဲရေး ဆွေးနွေးနေစဉ်၌ နဂျတ်ဖ်အား စစ်ဆင်မှုကို ဆိုင်းငံ့ထားသည်ဟု အမေရိကန်က ပြောသည်။

ဩဂုတ်-၁၄။ ဆွေးနွေးပွဲပျက်သွားသည်။

ဩဂုတ်-၁၅။ နဂျတ်ဖ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားသည်။

ဩဂုတ်-၁၇။ အီရတ်အမျိုးသား ညီလာခံကိုယ်စားလှယ်အဖွဲ့ နဂျတ်ဖ်သို့ လာလည်သည်။ အယ်ဆားဒ်၏ပြည်သူ့စစ်များအားလက်နက်ချရန်၊ အီမန်အလီဘာသာရေး အဆောက်အအုံမှ ထွက်ခွာရန်နှင့် လွတ်ငြိမ်းချမ်းသာခွင့်ယူကာ နိုင်ငံရေး အင်အားစုအဖြစ် ပါဝင်လာရန်တောင်းဆိုပြီး ငြိမ်းချမ်းရေးကမ်းလှမ်းသည်။ အယ်လ်ဆားဒ်သည် ကိုယ်စားလှယ်အဖွဲ့အား မတွေ့ဆုံ။

ဩဂုတ်-၁၈။ ကာကွယ်ရေးဝန်ကြီး ဟာဇမ်ရှာအာလမ်က အီရတ်တပ်ဖွဲ့များသည် ဤနေ့ကုန်ပါက ထို အဆောက်အဦအား ဝင်ရောက်စီးနင်းမည်ဖြစ်ကြောင်း ပြည်သူ့စစ်များအား သတိပေးသည်။ သို့သော် ဝင်ရောက်စီးနင်းခြင်း မရှိ။

ဩဂုတ်-၁၉။ ဘာသာရေး အဆောက်အဦအားဆက်လက်ထိန်းချုပ်ထားရန် ၎င်း၏ တိုက်ခိုက်ရေးသမားများအား အယ်ဆားဒ်က အမိန့်ပေးသည်။

ဩဂုတ်-၂၀။ အီရတ်တပ်ဖွဲ့များသည် ဘာသာရေးအဆောက်အဦအား ဝင်ရောက်စီးနင်းမည်မဟုတ်ကြောင်း အာလာဝီကပြောသည်။ စစ်သွေးကြွများက ၎င်းတို့အနေဖြင့် လက်နက်စွန့်မည်၊ သို့သော် အဆောက်အဦအတွင်းဆက်လက်နေထိုင်မည်ဟု ပြောဆိုသည်။

ဩဂုတ်-၂၁။ နှစ်ဖက်သဘောထားကွဲလွဲမှုများအကြား ဘာသာရေးအဆောက်အဦအားလွှဲပြောင်းမှုမှာ ရှေ့မတိုးနိုင်ဖြစ်နေသည်။ ၎င်းတို့အနေဖြင့် အယ်လ်စစ္စတန်နီ၏ကိုယ်စားလှယ်များအား ကျောင်းတော်၏ သော့များကို ပေးအပ်ဖို့ကြိုးစားကြောင်း၊ သူတို့က ပထမဆုံးကျောင်းတော်မှ ဖယ်ပေးရန်တောင်းဆိုပြီး သော့ကိုလက်ခံရန် ငြင်းဆိုကြောင်း အယ်လ်ဆားဒ်၏ ကိုယ်ရံတော်များက ပြောဆိုသည်။

ဩဂုတ်-၂၄။ အမေရိကန် စစ်သည်များက စစ်သွေးကြွများအား ရက်ပေါင်းများစွာ ဆက်လက်တိုက်ခိုက်ပြီးနောက်ပိုင်း၌ အီရတ်တပ်ဖွဲ့များက ဤကျောင်းတော်အား ဤရက်အကုန်တွင် စီးနင်းတိုက်ခိုက်မည်ဖြစ်ကြောင်း ရှအာလမ်က ထပ်မံပြောဆိုသည်။ မလုပ်ဖြစ်။

ဩဂုတ်-၂၅။ အယ်လ်စစ္စတန်နီသည် အီရတ်ရှိနေအိမ်သို့ ပြန်လာသည်၊ အတိုက်အခိုက်ရပ်ရန် ကြိုးပမ်းမှုဖြစ်သည်ဟု ကိုယ်ရံတော်များက ပြောဆိုသည်။ ❖

## ကုလသမဂ္ဂက သတ်မှတ်ထားသည့် ဆူဒန်၌ လက်နက်ဖြုတ်ရေးရက်ချိန်း နီးကပ်လာ



ဆူဒန်နိုင်ငံရှိ လက်နက်ကိုင်သူပုန်တပ်ဖွဲ့တဖွဲ့အားတွေ့ရစဉ်

**ဩဂုတ်(၂၅)။ [အေပီ]**

အာဖရိက လယ်သမားထောင်ပေါင်းများစွာအား သတ်ဖြတ်ခြင်းနှင့် ကျေးရွာများကို လုယက်သည်ဟု စွပ်စွဲခံရသည့် ရေကြည်ရာမြက်နုရာ သွားလာနေထိုင်သူ အာရပ်မျိုးနွယ်စုများထဲမှ ပြည်သူ့စစ်များကို ယခုလ (၃၀)ရက်နေ့တွင် လက်နက်ဖြုတ်ရန် ကုလသမဂ္ဂ၏ သတ်မှတ်ရက်မှာ နီးကပ်လာနေပြီဖြစ်သည်။ ပြီးခဲ့သည့်လက ကုလသမဂ္ဂက ဆူဒန်အစိုးရအား ဂျန်ဂျာဝိဒ် အာရပ်ပြည်သူ့စစ်များကို ဩဂုတ်လကုန်၌ လက်နက်ဖြုတ်ရန် ရာဇသံပေးခဲ့သည်။

သို့သော် ဤသတ်မှတ်ရက်အား ဆူဒန်က ဥပေက္ခာပြုကာ အာဖရိကသမဂ္ဂ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှတဆင့် ဤအကျပ်အတည်းအားဖြေရှင်းမည်ဟု ခါတွမ်၏ အဓိက ဆွေးနွေးညှိနှိုင်းသူက ပြောကြားခဲ့သည်။ ဆူဒန်နိုင်ငံသည် ဒေသတည်ငြိမ်မှုမရှိပါက စီးပွားရေးနှင့် သံတမန်ရေး ပိတ်ဆို့အရေးယူမှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ဆူဒန်အစိုးရသည် ဂျန်ဂျာဝိဒ်ဟုခေါ်သည့် အာရပ်ပြည်သူ့စစ်များအားထိန်းချုပ်၍မရကြောင်း ကုလသမဂ္ဂ အရာရှိ ကာလိုမို က လုံခြုံရေးကောင်စီသို့ ပြောခဲ့သည်။ ဂျန်ဂျာဝိဒ်များ၏ တိုက်ခိုက်မှုမှလွတ်မြောက်ရန် ၎င်းတို့၏ရွာများမှ ထွက်ပြေးလာသူ သိန်းပေါင်းများစွာအတွက် ခိုလှုံရာနေရာများ သတ်မှတ်ပေးရာ၌ အစိုးရက ပူးပေါင်းဆောင်ရွက်နေသည်ဟု သံတမန်များက ပြောကြားခဲ့သည်။

ဆူဒန်အနောက်ပိုင်း ခြောက်သွေ့ဒေသတခုဖြစ်သည့် ဒါဖာဒေသရှိ စခန်း(၁၄၇)ခု၌ ဒုက္ခသည်(၁.၄)သန်းခန့် နေထိုင်နေသည်။ အချို့(၁၈၈,၀၀၀)ကျော်မှာ နယ်စပ်ဖြတ်ကျော်ပြီး ချဒ်နိုင်ငံသို့ ထွက်သွားကြသည်။ ဒါဖာမြောက်ပိုင်းရှိ အဘူရှော့စခန်းတွင် လူဦးရေ(၄၀,၀၀၀)ကျော်နေထိုင်ပြီး အမေရိကန်မှ လစဉ် ဂျုံနှင့် ဒိန်းမတ်မှဆီ၊ ဆားများ ထောက်ပံ့သည်။

ဒါဖာပဋိပက္ခမှာ လွန်ခဲ့သည့်(၁၈)လက ဆူဒန်နိုင်ငံ၏ အာရပ်များကြီးစိုးသည့် အစိုးရအားဆန့်ကျင်သည့် သူပုန်များ ထကြွချိန်မှ စတင်ခဲ့ခြင်းဖြစ်သည်။ ပုန်ကန်မှုမှာ နှစ်ပေါင်းများစွာရှည်ကြာပြီဖြစ်သည့် ရေနှင့်စိုက်ပျိုးမြေရှားပါးမှုနှင့်ပတ်သက်၍ အာဖရိကန်လယ်သမားများနှင့် အာရပ်ကျွဲနွားအုပ်ပိုင်ရှင်များအကြား ဖြစ်ပွားနေသည့် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရာတွင် ခွဲခြားဆက်ဆံမှုများအားဖျက်သိမ်းပေးရန် ထုတ်ဖော်တောင်းဆိုခြင်းဖြစ်သည်။ အာဖရိကသမဂ္ဂက ကြားဝင်ဆောင်ရွက်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို နိုင်ဂျီးရီးယားမြို့တော်၌ (၂၃)ရက်နေ့မှ စတင်ပြီးကျင်းပနေသည်။ ဒါဖာ၌ ယခုအခါ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြပ်ကြည့်ရှုရန်အတွက် အာဖရိကသမဂ္ဂမှ လေ့လာသူ(၈၀)ရှိပြီး ရဝမ်ဒါစစ်သား(၁၅၀)က ၎င်းတို့ကို ကာကွယ်စောင့်ရှောက်နေသည်။ ငြိမ်းချမ်းရေးထိန်းသိမ်းသူ (၂,၀၀၀)နီးပါး စေလွှတ်ရန် အဆိုပြုထားသည်။

တိုက်ပွဲကာလအတွင်း နေအိမ်များမှ မောင်းထုတ်ခံရသည့် ပြည်သူများမှာ (၁.၂)သန်းကျော်ပြီး (၃)သောင်းကျော် အသတ်ခံရသည်ဟု ကုလသမဂ္ဂအဆိုအရသိရသည်။❖

## အီရတ်၏အထွတ်အမြတ်နေရာအား ဘာသာရေးခေါင်းဆောင်မှ ဆက်လက်ထိန်းချုပ်ထား



ဘာသာရေးခေါင်းဆောင် မိုတာဒါဆားဒ်

**ဩဂုတ်(၂၁)။ [ဘီဘီစီ]**

အီရတ်ရှိ ရှအာဘာသာရေးခေါင်းဆောင် မိုတာဒါဆားဒ်အား ထောက်ခံသူများက အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များနှင့် (၁၆)ရက်ကြာ တိုက်ခိုက်ပြီးနောက်တွင် ဘာသာရေးမြို့တော်ဖြစ်သည့် နဂျတ်ဖ်ရှိ အထွတ်အမြတ်နေရာကို ဆက်လက် ထိန်းချုပ်ထားဆဲရှိသည်။

ရဲများက အီမန်အလီ အထွတ်အမြတ်နေရာအား ဝင်ရောက်ခဲ့ပြီး ထိန်းချုပ်လိုက်ပြီဟု အီရတ်အစိုးရ အရာရှိများက စောစောပိုင်းက ပြောကြားခဲ့သည်။ သို့သော် ဘီဘီစီ သတင်းထောက် (Alastair Leithead) က ဆားဒ်၏နောက်လိုက်များ (၁,၀၀၀)ခန့် ရှိနေသေးကြောင်း ခြံဝင်းအတွင်းမှ သတင်းပေးပို့သည်။ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များနှင့် မဒီတပ်မတော်ပြည်သူ့စစ်များအကြား နေရာအနှံ့တွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ အထွတ်အမြတ်နေရာပတ်လည်ရှိ လမ်းများပေါ်တွင် ဆားဒ်အားသစ္စာခံသည့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ခံစစ်အနေအထားဖြင့် ဆက်လက်ရှိနေပြီး ၎င်းတို့အား အမေရိကန်တင့်ကားများနှင့် သံချပ်ကာကားများက ဝိုင်းရံထားသည်။

လူ(၁,၀၀၀)ခန့်က ဘာသာရေးခေါင်းဆောင်ဆားဒ်၏ ရုပ်ပုံများနှင့် အလံများအား ကိုင်ဆောင်ပြီး အထွတ်အမြတ်နေရာအား သိမ်းပိုက်ထားသည်။ လက်နက်မဲ့လူအုပ်ကြီးက ဘာသာရေးအထွတ်အမြတ်နေရာအား လူသားဒိုင်းအဖြစ် ကာကွယ်ထားသည်။ ထို့ပြင် မဒီတပ်မတော်သည် အထွတ်အမြတ်နေရာနှင့် နဂျတ်ဖ်မြို့အား ဆက်လက်ခုခံကာကွယ်သွားမည်ဖြစ်ပြီး အမေရိကန်များအား နဂျတ်ဖ်မြို့အတွင်းသို့ အဝင်ခံမည်မဟုတ် ဟု ဆားဒ်၏ ပြောခွင့်ရပုဂ္ဂိုလ် ရှိတ်အာမက် အယ်လ်ရှေဘာနီက ပြောကြားလိုက်သည်။❖

# ဒေါ်စု၊ အဲန်အယ်လ်ဒီ၊ တိုင်းရင်းသားများ အဘယ်ကြောင့်

**ငြိမ်းဖြိုး**

**ခေါင်း**စဉ်အပြည့်အစုံမှာ “ ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားများ လူထုအမျိုးသားညီလာခံတွင် အဘယ်ကြောင့် လိုအပ်သနည်း”ဟု ဖြစ်သည်။

ထိုခေါင်းစဉ်တွင် အရေးကြီးသော ဝေါဟာရတခုရှိပါသည်။ **လူထုအမျိုးသား ညီလာခံ။** အမျိုးသားညီလာခံဆိုသော စကားလုံးက အများနားယဉ်ပြီးသား။ ယခု ဝေါဟာရတွင် “လူထု” ဟူသော စကားလုံး တလုံး အပိုပါလာသည်။ အကြောင့်မဲ့ မဟုတ်ပါ။ တိုင်းပြည်ကို မိုက်မိုက်ရိုင်းရိုင်း စော်စော်ကားကား လက်နက်အားကိုး ဖျက်လိုဖျက်ဆီး၊ လူထုကို စစ်ပုံစံစစ်ဖိနပ်အောက် ဇွတ်အတင်း သွတ်သွင်းနေသည့် အတုအယောင် အမျိုးသားညီလာခံတခု သွေးတိုးစမ်းနေသောကြောင့် သိသာထင်ရှားစေရန် ဝိသေသထူးတခု ပူးကပ် တပ်ဆင်ပေးလိုက်ရခြင်း ဖြစ်သည်။ ယခုအချိန်မှစ၍ **လူထုအမျိုးသားညီလာခံ**နှင့်**စစ်အမျိုးသားညီလာခံ** ဟု ပြတ်ပြတ်သားသား ကွဲကွဲပြားပြား ခြားခြားနားနား နှစ်မျိုးခွဲ သုံးစွဲသွားမည်။

ညီလာခံဟူသမျှ မည်သည့်အချိန်ကာလ မည်သည်နေရာဒေသမဆို လူထုညီလာခံသာ ဖြစ်ရမည်။ လူထုမှလွဲသော အခြားနည်း ဖြစ်ခွင့်မရှိ။ ဖြစ်ခွင့်မရှိသော ညီလာခံများ တွင်မှ စစ်ညီလာခံဟူသည် စကြဝဠာကျေပြုန်းသည့်တိုင် ထာဝရမြေမြှုပ်သင်္ဂြိုလ်ထားရမည့် ကမ္ဘာ့အပုပ်အသိုး။ မွေးဖွားခွင့် ပေး၍မရ၊ နေထိုင်ခွင့်ပေး၍မရ၊ အသက် ရှင်ခွင့် ပေး၍မရ။ ဘာအခွင့်အရေးမျှ အခွင့်မရှိ။ စကြဝဠာ တံတိုင်းအပြင်ဘက် ထာဝရလွှင့်ပစ်ထားရမည့် ထာဝရလူသားအန္တရာယ်။

ယခုနအဖက ကျင်းပနေသော ညီလာခံသည် **စစ်ညီလာခံ**သာ ဖြစ်သည်။

ပစ္စည်းတခုကို ပိုင်ရှင်အစစ်သာ သုံးခွင့်ရှိသည်။ ပိုင်ရှင်ခွင့်မပြုဘဲ မည်သူမျှ သုံးခွင့်မရှိ။ သုံးပါက ခိုးမှုရောက်သည်။ ရာဇဝတ်မှု ဖြစ်သွားသည်။

နိုင်ငံဟူသော အသုံးအနှုန်းတခု။ နားလည်ရလွယ်အောင် နိုင်ငံဟူသော ပစ္စည်းတခု ဟု အခေါ်အဝေါ် ပြောင်းလိုက်မည်။

နိုင်ငံဟူသော ပစ္စည်းတခု။ ပိုင်ရှင်အစစ် မည်သူနည်း။ လူထုဖြစ်သည်။ စစ်တပ်မဟုတ်။ စစ်တပ်သုံးစွဲခွင့် မရှိ။ အမျိုးသားညီလာခံ။ ပိုင်ရှင်အစစ် မည်သူနည်း။ လူထုဖြစ်သည်။ စစ်တပ် မဟုတ်။ စစ်တပ်က ကျင်းပခွင့်မရှိ။

လူထုအမျိုးသားညီလာခံသာ အစစ်ဖြစ်သည်။

စစ်အမျိုးသားညီလာခံသည် အတု။

အတုဟူသည် အစစ်ကိုဖျက်၏။ ထို့ကြောင့် စစ်အမျိုးသားညီလာခံသည် နိုင်ငံဖျက် လုပ်ငန်းသာ ဖြစ်၏။ ယင်းမှလွဲ၍ အခြားဘာမျှမဟုတ်။ ဘာဆင်ခြေမှ တရားမဝင်။

လူထုအမျိုးသားညီလာခံ၏ အင်္ဂါရပ်များ ....။

၁။ လူထုစစ်စစ်မှ တိုက်ရိုက်ဆင်းသက်လာရမည်။ ကြားဖြတ် ကြားဝင် မည်သည့် အဖွဲ့အစည်းမျှ လုပ်ပိုင်ခွင့်မရှိ။ လူထုမှ လွတ်လပ်စွာရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များကမူ လူထုကိုယ်စား လုပ်ပိုင်ခွင့် ခေတ္တရရှိသည်။ စစ်တပ်သည် လူထုကိုယ်စားလှယ်မဟုတ်။

၂။ လူထုမှရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့်သာ ညီလာခံကျင်းပရမည်။ လူထုဦးနှောက် လူထုဆန္ဒဖြင့် လုံလောက်သည်။ မည်သည့်စစ်သားမျှ ပါရန်မလို။

၃။ မိမိပိုင်ပစ္စည်း မိမိကြိုက်သလို သုံးခွင့်ရှိသလို လူထုကိုယ်စားလှယ်များသည် အကန့်အသတ် အဟန့်အတားမရှိ လုံးဝ လွတ်လပ်စွာ ဆွေးနွေးနိုင်ခွင့်ရှိရမည်။ စစ်တပ်ပုံစံ အမိန့်အောက် ပြားပြားဝပ် ကြောက်ရွံ့ အခွင့်အရေးရှုံးမှု မရှိစေရ။

၄။ ကိုယ်စားလှယ်များသည် လုပ်ငန်းများ၏အဆစ်အပိုင်းတိုင်း အဆင့်တိုင်းကို မိဘဖြစ်သူ လူထုနားမျက်စေ့ဉာဏ်ဦးနှောက်နှလုံးအိမ်သို့ စောနိုင်သမျှစောစွာ ရောက်ရှိစေရန် သတင်းမီဒီယာများကို လွတ်လပ်စွာ ဖွင့်ပေးထားရမည်။ စစ်တပ် ဇုံနယ်မြေအတွင်း မည်သူ မဝင်ရ မည်သူ မလာရ အမိန့်အာဏာမျိုး မရှိစေရ။

၅။ သင့်တင့်လျောက်ပတ်သော အချိန်ဇယားထားရှိပါဝင်ရမည်။ ဤသည်မှာ လူထုဆန္ဒကို လက်ဝါကြီးအုပ်လိမ်ညာ ကိုယ်ကျိုးရှာမှု တစိုးတစေ့ မပါဝင်ကြောင်း ခိုင်မာသော အာမခံချက်တခု ရှိနေစေရန်ဖြစ်သည်။ လူထုသည် ဤအချက်၌ သတိမေလျော့ အလေးမထား ခပ်ပေ့ါပေ့ါသဘောထားတတ်သည်။ အမှန်မှာ အချိန်ဇယားသည်လည်း ကျန်အချက်များနှင့်တန်းတူရည်တူ အရေးကြီးသည်။ ထို့ကြောင့် ညီလာခံမစမီ ကတည်းက ကြေညာပြီး ဖြစ်ရမည်။ လေသည် အသက်မဟုတ်။ သို့သော် လေမရက လူသည် သေဆုံးသွားသည်ကဲ့သို့ ဤအချိန်ဇယား မပါဝင်က ညီလာခံသည် အသက်မရှိတော့။ အသုဘရုပ်အလောင်းဖြစ်သွားသည်။ စစ်ဆင်ရေးတွင် ဘယ်အချိန်ထွက်မည် မည်သည့်အရပ်သို့ထွက်မည်ကို အချိန်ဇယား မပေါက်ကြားအောင် လျှို့ဝှက်ထားသလိုမျိုး ညီလာခံကို မလုပ်ရ။

၆။ ညီလာခံအပြီးသတ် နောက်ဆုံးရလဒ်များကို တပြည်လုံးအတိုင်းအတာနှင့် ဆန္ဒခံယူရမည်။ လုံးဝလွတ်လပ်သော ဆန္ဒခံယူပွဲ ဖြစ်ရမည်။ စစ်တပ်ပုံစံ စစ်ပွဲပုံစံ ခြိမ်းခြောက်တားဆီးမှု မရှိစေရ။

ဤမျှဆို အခြေခံအားဖြင့် လုံလောက်သွားပါပြီ။

ဒေါ်အောင်ဆန်းစုကြည် မပါဝင်သော ညီလာခံသည် အသုဘရုပ်အလောင်း ညီလာခံသာဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်လူထုအားလုံးက ထောက်ခံထားသော လူထုခေါင်းဆောင်။ လူထုပိုင်ဖြစ်သည်။ လူထုအမျိုးသားညီလာခံတွင် လူထုပိုင် လူထုခေါင်းဆောင် ပါရမည်ကို မည်သူမျှ ကန့်ကွက်ပိုင်ခွင့် မရှိ။ တားဆီးဖယ်ရှား ပိုင်ခွင့်မရှိ။ ပိုရှင်းအောင် ဤသို့ တီထွင် ပြောကြည့်မည်။ ဒေါ်အောင်ဆန်းစုကြည်နေရာတွင် လွတ်လပ်ရေးဖခင် တိုင်းပြည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟု အစားထိုး ကြည့်လိုက်ပါ။ လွတ်လပ်ရေးဖခင် တိုင်းပြည်ခေါင်းဆောင် လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံ့အနာဂတ်၊ တိုင်းပြည်အနာဂတ်၊ လူထုအမျိုးသားညီလာခံ တက်ခွင့်မရှိ ဝင်ခွင့်မရှိဟု တားဆီး ဖယ်ရှားပစ်မည်ဆိုက တိုင်းပြည်လူထုက လုံးဝလက်မခံ၊ အများသဘောတူ လူထုဆန္ဒဖြင့် ပယ်ချလိုက်မည်သာ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်ဆို သောနာမည်၊ ပုဂ္ဂိုလ်အသွင်အပြင်၊ ရာထူး ဂုဏ်ရှိန်တို့ထက် လူထုဆန္ဒ လူထုထောက်ခံမှုက ဤသို့ဆုံးဖြတ်ပေးလိုက်ခြင်း ဖြစ်သည်။

အဲန်အယ်လ်ဒီသည်လည်း လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲတွင် (၈၂) ရာခိုင်နှုန်းမဲအသာဖြင့် လူထုဆန္ဒအရ ထောက်ခံရွေးချယ်ထားသော ပါတီဖြစ်သည်။ အန်အယ်လ်ဒီသည် လူထုဆန္ဒဟု ပြော၍ရသည်။ လူထုအမျိုးသားညီလာခံကို လူထုဆန္ဒမပါဘဲ ကျင်းပစေက အဘယ်သို့လျှင် လူထုအမျိုးသားညီလာခံ ဖြစ်လာပါတော့မည်နည်း။ အသုဘရုပ်အလောင်းကောင် ညီလာခံသာ ဖြစ်နေမည်။

တိုင်းရင်းသားလူမျိုးစုများသည် လူထုဟူသော သတ်မှတ်ချက်တွင် သံသယဖြစ်စရာ စောဒကတက်စရာမလို အလိုလိုအကျုံးဝင်ပြီး ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများလည်း လူထုအမျိုးသားညီလာခံတွင် ပါဝင်ရမည်။ အမျိုးသားညီလာခံတွင် <u>စစ်မှန်စွာရွေးချယ်ထားသော</u> တိုင်းရင်းသားလူမျိုးစုများမပါဝင်က တိုင်းပြည်အစိတ်စိတ်အမွှာမွှာကွဲသွားအောင်အထိ အခြေခံခိုင်မာလှသော လမ်းကြောင်းတခုကို လမ်းဖောက်လမ်းခင်း ပေးလိုက်သလို ဖြစ်သွားမည်။ တိုင်းပြည် အစိတ်စိတ်အမွှာမွှာ ကွဲမည်ကို မည်သည့်တိုင်းပြည်လူထုကမှ မလိုလား။

တိုင်းရင်းသားများအရေးကို တိုင်းရင်းသားများထက်ပို၍ မည်သူမျှ နားမလည်နိုင်။ နားလည်သည်ဆိုက နအဖက တိုင်းပြည်အပေါ်လက်နက်နှင့် အနိုင်ကျင့်သလိုမျိုး လူမျိုးစုများအပေါ် အနိုင်ကျင့်လိုက်ခြင်း အဓိပ္ပာယ်တခုသာ အဖြေထွက်သည်။ တိုင်းရင်းသားများအရေးကို တိုင်းရင်းသားများ ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းခြင်းသည်သာ အမှန်ဆုံး ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၊ အန်အယ်လ်ဒီ၊ တိုင်းရင်းသားများ ဟု ခေါင်းစဉ်၌ သုံးခုရေးခဲ့ရာတွင် ထိုသုံးခုအနက် (၂၁) ရာစု ခေတ်သစ် ကမ္ဘာ့ရွာအခြေအနေအရ တိုင်းရင်းသားများအရေးသည် အရေးကြီးဆုံး အရေးတခု ဖြစ်လာခဲ့သည်။ တိုင်းပြည်များ အပြန်အလှန် သူ့အကျိုး ကိုယ့်အကျိုး၊ နှစ်ဦးနှစ်ဖက် အပေးအယူ၊ မေတ္တာအသွား အပြန်ဆက်ဆံကြရာတွင် တိုင်းပြည်များ အချင်းချင်းအတွင်း တန်းတူရည်တူဖြစ်နေမှသာ အေးချမ်းသာယာကမ္ဘာ့ရွာ၊ ငြိမ်းချမ်း ပျော်ရွှင်ကမ္ဘာ့ရွာ၊ သန့်စင်သစ်လွင်ကမ္ဘာ့ရွာ ဖြစ်မည်။ ထိုနိုင်ငံတကာဥပဒေသနှင့်ထပ်တူ ထပ်မျှ တိုင်းပြည်တပြည်အတွင်းတွင်လည်း တိုင်းရင်းသားများသည် တန်းတူရည်တူ ဖြစ်ရမည်။ ဤကမ္ဘာ့ရွာ အခြေခံသဘော တရားကြောင့် တိုင်းရင်းသားများသည် ညီလာခံတွင် အရေးအပါဆုံးသော အသက်ဖြစ်လာသည်။ တကယ်တမ်း စစ်စစ်ပေါက်ပေါက် ပြောရမည်ဆိုပါက ဗမာဟူသည်လည်း တိုင်းရင်းသားလူမျိုးတမျိုးမျှသာဟူသော ပိုင်ဆိုင်မှုထက် ဘာဆိုဘာမျှမပိုနိုင်သော လူမျိုးစုတစုသာဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော တိုင်းရင်းသားများ မပါသောညီလာခံသည် အသုဘရုပ်အလောင်းညီလာခံသာ ဖြစ်နေမည်။

ဤမျှဆိုက <u>လူထုအမျိုးသားညီလာခံ</u> ဆိုသည်ကို သဘောပေါက်လောက်ပါပြီ။ မမေ့လျော့ရမည့် အရေးကြီးစကားလုံးက <u>လူထု</u>။ သို့ဆိုက လူထုမဟုတ်သောအခြားအမျိုးသားညီလာခံများကို အမျိုးသားညီလာခံအစစ်လား အသုဘရုပ်အလောင်းကောင်လား ခွဲခြားတတ်ပြီ။ လူထုအမျိုးသားညီလာခံသည် အသက်ရှိသည်။ ထို့ကြောင့် အရှင်။ စစ်အမျိုးသားညီလာခံတွင် အသက်မရှိ။ ထို့ကြောင့် အသေ။ အသုဘ ရုပ်အလောင်းကောင်။

နိုင်ငံနှင့် လူထုခွဲခြား၍မရ။ လွတ်လပ်သော လူထုဆန္ဒမပါဘဲ နိုင်ငံကိုလည်းကောင်း လူထုကိုလည်းကောင်း ကိုယ်စားပြု၍ မရ။ ဒေါ်အောင်ဆန်းစုကြည်နှင့်လူထု၊ လူထုနှင့် နိုင်ငံ ခွဲခြား၍မရ။ အန်အယ်လ်ဒီနှင့် လူထု၊ လူထုနှင့်နိုင်ငံ ခွဲခြား၍မရ။ ထို့ကြောင့် အမျိုးသားညီလာခံစစ်မှန်လိုပါက ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီ၊ တိုင်းရင်းသားလူမျိုးများ မဖြစ်မနေပါဝင်ရမည်။ ထိုသို့ပါဝင်မှသာစစ်မှန်သောအမျိုးသားညီလာခံဖြစ်သည်။

အမျိုးသားညီလာခံ၏ အသက်သည် ဒေါ်အောင်ဆန်းစုကြည်၊ NLD နှင့်တိုင်းရင်းသားလူမျိုးများဟု သစ္စာဆိုလိုက်ပါရစေ။

**ငြိမ်းဖြိုး**

<u>စာမျက်နှာ (၅) မှ</u>

ယုဝတီတိုက်တခုလုံး ငြိမ်ကျသွားတယ်၊ မရဏသားသတ်သမားရဲ့လက်ချက်မှာ လူသားစစ်စစ်တယောက် ဇီဝိန်ကြွေသွားရ ရှာပြီ။ ထောင်အာဏာပိုင်တွေ မသိသလို ပါပဲ။ ကမ္ဘာပေါ်မှာ ပုရွက်ဆိတ်ကလေး တကောင်ကို လက်နဲ့တောက် ပစ်လိုက်သလိုမျိုး ....။

နောက်တနေ့မနက်မှာ ကျုပ်တို့ (၅) ယောက်ကို ခေါင်းစွပ်နဲ့ လာခေါ်ထုတ်တယ်။ ရုံးခန်းတခုကို ခေါ်သွားတယ်။ ထောင်ရဲ့ ညွှန်မှူးဆိုသူနဲ့ တွေ့တယ်၊ ခေါင်းစွပ်တွေ ဖြုတ်ပေးတယ်၊ “ဘာပြောချင်သလဲ” လို့ မေးတယ်။ ကျုပ်တို့ ထောက်လှမ်းရေးညွှန်မှူး နဲ့တွေ့မှ ပြောမယ်လို့ တင်ကြတယ်။ ညွှန်မှူး ဆိုသူက သူတတ်နိုင်တာ အခုလုပ်ပေးနိုင် ကြောင်း၊ ပြောပါလို့ နှစ်ကြိမ်သုံးကြိမ် ပြောတယ်။ ဒါနဲ့ကျုပ်တို့လည်း သတ်မှတ်ထားတဲ့ သုံးချက်အတိုင်းတင်ပြတယ်။ ထပ်ပြီး မနေ့တုန်းက လူတယောက်သေဆုံးသွားမှုနဲ့ ပတ်သက်လို့ လုံးဝမခံနိုင်ကြောင်း၊ ရပ်ပေးဖို့ အကြောင်း၊ ယုဝတီတိုက်ကို ချက်ချင်းဖျက်သိမ်း ကျုပ်တို့နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံရေးအကျဉ်းသားတွေထားတဲ့တိုက်ကို ပြန်ပို့ဖို့အကြောင်း ဝိုင်းတင်ကြတယ်။ ညွှန်ကြားရေးမှူးက ရာဇဝတ်သား အမိုက်အမဲ တွေကို ခုလိုပင် နှိပ်ကွပ်ရကြောင်း၊ ကျုပ်တို့ နိုင်ငံရေးသမားတွေအနေနဲ့ လုံးဝလက်မခံနိုင်ကြောင်း ထပ်ခါထပ်ခါ တင်ပြတယ်။ မိမိတို့ရဲဘော်တွေရှိရာကိုတော့ ပြန်ပို့ပေးမယ် ကတိပေးပြီး ပြန်လွှတ်လိုက်တယ်။

အဲဒီ ည ၈ နာရီမှာပဲ ကျုပ်တို့ (၅) ယောက်ကို မိမိတို့နိုင်ငံရေးအကျဉ်းသားများ ရှိရာ ကျော်စိုး (၄–တို)၊ ဘိုဘိုဟန် (၄–ရှည်)၊ မောင်မှိုင်း၊ ကိုဝင်းကြည် (တိုက်–၁)၊ ကျုပ်ကို (တိုက်–၃)ကို ရွှေ့ပြောင်းပေးလိုက်ကြတယ်။ ယုဝတီမှာတော့ နောက်မှရောက်လာတဲ့ ဒေါက်တာခင်ဇော်ဝင်းနဲ့ ရဲကျော်စွာတို့ ကျန်နေသေးတယ်။ နောက်သုံးရက်အကြာမှာတော့ ယုဝတီတိုက် ဖျက်သိမ်းလိုက်ကြောင်း ကြားရတယ်။ (၁) တချက်က အာဏာပိုင်ဝန်ထမ်းအချင်းချင်း ပဋိပက္ခ၊ (၂) တချက်က အကျဉ်းသားအားလုံးရဲ့ ပြဿနာ၊ ပြဿနာပေါင်းစုံနဲ့အတူ ကျုပ်တို့ရဲ့ သီးသန့်က ရဲဘော်များ၊ ထောင်မကြီးက ရဲဘော်များအားလုံးရဲ့ ဘက်ပေါင်းစုံဝန်းရံတိုက်ခိုက်ထိုးနှက်မှုတို့ကြောင့် ယုဝတီတိုက်ဖျက်သိမ်းလိုက်တယ်။ ထောင်ပိုင်ကြီးသာဦး ရာထူးကျသွားတယ်။ ဒု–ထောင်ပိုင်နဲ့ ထောင်မှူးကြီးစိုးမြင့် ပြုတ်သွားတယ်။ အခြားတာဝန်ခံ အရာရှိငယ်တွေနဲ့ဝန်ထမ်းတွေ ပြုတ်သူပြုတ်၊ ပြောင်းသူပြောင်း .... ။

ဘာတွေပဲဖြစ်ဖြစ် ထောင်တွင်းတိုက်ပွဲငယ်တခုရဲ့ အမှတ်တရ ရင်ခုန်သံ ညလေးတွေကို အမှတ်တရရှိနေခဲ့ရပြီး ယခုထက်တိုင် စစ်အစိုးရရဲ့အကျဉ်းထောင်က မလွတ်မြောက်သေးတဲ့ ရဲဘော်ဘိုဘိုဟန်ကို လွမ်း ....။❖

မှတ်ချက်။ ။ ထောင်တွင်းတိုက်ပွဲတွေမှာ ကြီးမားစွာ စွန့်လွှတ်ခဲ့ကြရတဲ့ ရဲဘော် ကြီးငယ်အပေါင်းအား အမှတ်ရလျက် အဖြစ်မှန်ကို ရေးသားလိုက်ရပါတယ် .... ။

**သီဟကျော် (မဲဆောက်)**

# ပြည်သူလူထုကြီးသာလျှင်

ဗညြ

ညောင်နှစ်ပင်ဒီဘက် ဖြစ်ပေါ်ပြောင်းလဲမှုတွေကို သိသိသာသာ ထင်ထင်ရှားရှား မတွေ့မြင်ကြရသေးပေမယ့် နအဖစစ်အစိုးရဟာ တွန့်သွားတာတော့အမှန်ပဲ။ သူတို့ အူမြူးတာ မီးရှူးမီးပန်း ဖောက်တာတွေ မတွေ့ရဘူး။ သူတို့တတွေ လာမယ့်အကွေ့မှာ ဘယ်တက်နဲ့လှော်မယ်ဆိုတာ သေချာမမြင်ရသေးဘူး။ လောလောဆယ်တော့ ထောက်လှမ်းရေးရဲ့ လုပ်ရိုးလုပ်စဉ် အတည်ပြုမရတဲ့သတင်းတွေပဲ လွှင့်နေကြသေးတယ်။

နအဖမှာ ကြိတ်ဖြေရှင်းနေရတဲ့ပြဿနာတွေရှိတယ်။ အထူးသဖြင့် မျိုးဆက်ပြဿနာ။ ဗိုလ်သန်းရွှေကို ဆက်ခံရေးကိစ္စ။ ဒါကို သူ့အောက်အဆင့်ဆင့်က စိတ်လောမှာ သေချာတယ်။ တခုခုအတွက် ကျူးစီကြရာမှာ တချို့က မသိမသာ ရှေ့ကိုတွန်းတာ၊ ဖိတာလုပ်သလိုမျိုးတွေ တွေ့နေရတယ်၊ သူကတော့ အလွယ်တကူ ဆင်းပေးမယ့်ပုံမရှိဘူး။ ဗိုလ်သန်းရွှေတယောက် ၁၉၈၈ ကာလတုန်းက ဗိုလ်နေဝင်းက သူစိတ်အချဆုံး ဗိုလ်စိန်လွင်နဲ့

ဒါနဲ့မှမရရင် ၈၈ တုန်းကလို အာဏာသိမ်းတာနဲ့ 'ထိန်း'မှာ သေချာပါတယ်။

အတိုက်အခံတွေဖက်ကရော။ ဘာတွေလုပ်ကြမှာလဲ။ အတိုက်အခံတွေအနေနဲ့ လုပ်ငန်းတွေကို ပြည်တွင်းမှာ အဓိကထားရမယ်ဆိုတာမှာတော့ သိပ်မကွဲကြဘူး။ ဒါပေမယ့် ဘာလုပ်မယ်ဆိုတာမှာ အတိအကျ၊ လက်ဆုပ်လက်ကိုင် ပြောနိုင်တဲ့လူ သိပ်နည်းနေတယ်။ တချို့ဆိုရင် ပြည်တွင်းလုပ်ငန်းဆိုတာကို မျက်မမြင်ခြောက်ယောက် ဆင်ကိုစမ်းကြည့်သလိုတောင် လုပ်ကြည့်နေရတယ်။ တချို့ကတော့လည်း ဖောက်ထွက်တဲ့နည်းလမ်းတွေ စဉ်းစားကြတယ်။ လူအများ လက်ခံနိုင်တာလည်းရှိ၊ ပယ်ချတာလည်းရှိတာပဲ။

တီထွင်ကြံဆသူတွေအနေနဲ့ ကိုယ့်နိုင်ငံသမိုင်း၊ ကိုယ့်နိုင်ငံရဲ့ လက်တွေ့အခြေအနေကိုယ်တဦးတည်းနဲ့ပဲ ဆွေးနွေးတာ၊ အဲဒီတဦးတည်းဆိုတာလည်း အဖွဲ့အစည်းတခုကိုကိုယ်စားပြုသူအနေနဲ့မဟုတ်ဘူး၊ ဒါကိုပဲ ဂုဏ်ယူစရာကြီးလို့ ထင်နေတာ၊ တကယ့်ကို အံ့သြစရာပဲ။

အရေးကြီးတာဟာ စစ်အစိုးရကိုအဓိကခြိမ်းခြောက်နိုင်တာ၊ အထိရောက်ဆုံး ဖိအားပေးနိုင်တာဟာ ဘာလဲဆိုတာ ရွေးချယ်သတ်မှတ်မှုပဲ။ ဒီအပေါ်မှာ မတူကြဘူး။ တချို့က အမေရိကန်ရဲ့ဖိအားလို့ထင်ကြတယ်။ အီရတ်ဥပမာနဲ့ စစ်အစိုးရကို ခြိမ်းခြောက်ကြတယ်။ ဒီလိုပြောသူတွေဟာ နိုင်ငံတကာရေးရာမှာ နအဖလောက် မကျွမ်းဘူးဆိုတာ ရှင်းနေတယ်။ တချို့ကတော့လည်း ကုလသမဂ္ဂ ဝင်ပါမှ ပွဲပြတ်မယ်လို့ ထင်ကြတယ်။ အနီးခေတ်ကမ္ဘာ့သမိုင်းမှာ ကုလသမဂ္ဂဝင်ပါလို့ ပွဲမပြတ်တဲ့သာဓကက ပိုများတယ်ထင်ပါတယ်။ ကုလသမဂ္ဂဟာ ကမ္ဘာပေါ်မှာဖြစ်ပျက်နေတဲ့အရေးတိုင်းမှာ ဝင်ပါလို့မရဘူးဆိုတာ တချို့က သဘောပေါက်ဟန် မတူဘူး။ ကုလသမဂ္ဂရဲ့

**“ တချို့ကတော့လည်း ကုလသမဂ္ဂဝင်ပါမှ ပွဲပြတ်မယ်လို့ ထင်ကြတယ်။ အနီးခေတ်ကမ္ဘာ့သမိုင်းမှာ ကုလသမဂ္ဂ ဝင်ပါလို့ ပွဲမပြတ်တဲ့ သာဓကေ က ပိုများတယ် ထင်ပါတယ်။ ကုလသမဂ္ဂဟာ ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေတဲ့ အရေးတိုင်းမှာ ဝင်ပါလို့ မရဘူးဆိုတာ တချို့က သဘောပေါက်ဟန် မတူဘူး။ ကုလသမဂ္ဂရဲ့ အဓိကအခန်းဟာ နိုင်ငံတွေအကြားပေါ်ပေါက်တဲ့ ပြဿနာကို ဖြေရှင်းဖို့ပါ။ အမေရိကန်က စစ်အေးခေတ်မှာ သူများနိုင်ငံထဲ သူစွက်ဖက်ချင်သလို စွက်ဖက်နိုင်အောင် … ”**

ဒေါက်တာမောင်မောင်ကို လွှဲဖို့ကြိုးစားသလိုစဉ်းစားနေတယ်လို့ ယူဆစရာတွေ တွေ့နေရတယ်။ လာမယ့် ညောင်နှစ်ပင်လုပ်ငန်းစဉ်အတွင်းမှာ သူစိတ်ချတဲ့လူကို 'အေးချမ်းစွာ' လွှဲပေးတာတွေ့ရမလား စဉ်းစားစရာပဲ။

ဒီနေရာမှာ ထောက်ပြဖို့လိုတာက ဗိုလ်သန်းရွှေနဲ့ ဗိုလ်နေဝင်းဟာ အပုံကြီးကွာတယ်ဆိုတာပဲ။ ဗိုလ်နေဝင်းကို သူ့အောက်က ဘယ်သူကမှ ပခုံးချင်းမယှဉ်နိုင်ပါဘူး။ အားလုံးက အသိအမှတ်ပြုကြတယ်။ ဗိုလ်သန်းရွှေကို ကျန်လူတွေက အဲဒီလိုမြင်ရဲ့လား။ နောက်ပြီး ဗိုလ်နေဝင်းမှာ ဖွဲ့စည်းပုံဥပဒေရှိတယ်၊ မဆလ ပါတီရှိတယ်။ ဗိုလ်သန်းရွှေမှာ ဒါတွေ ဘာမှမရှိဘူး။ သူ့မှာ ညောင်နှစ်ပင်ပဲရှိတယ်။ သူ့ရှေ့ရေး သူ့ကံကြမ္မာအကုန်လုံးကို ညောင်နှစ်ပင်ပေါ်မှာ ပုံထားရတဲ့သဘော ရှိတယ်။

ကိုလည်း ထည့်စဉ်းစားကြသင့်ပါတယ်။ ဗမာပြည်ရဲ့ ဒီနေ့အဓိကဦးတည်ရန်သူဟာ ကိုလိုနီကာလတုန်းကလိုနီးပါး အင်မတန်ရှင်းနေတယ်။ ဗမာပြည်တိုးတက်ရေးမှာ နအဖဟာ အဓိကအတားအဆီးဖြစ်နေတယ်ဆိုတာကို လူထု ၉၅ ရာနှုန်းကျော်က အသိအမှတ်ပြုကြတယ်။ လမ်းသစ်ရှာတယ်ဆိုရာမှာ ဒီအချက်ကိုဘေးချိတ်လိုက်ရင် လမ်းသစ်ဟာ ခြုံကြားထဲဝင်သွားမှာပဲ။ နအဖဟာ နေ့စဉ် သူတို့အပိုင်စီးထားတဲ့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ စတာတွေကနေ အသံလွှင့်ဝါဒဖြန့်နေပါလျက်နဲ့ နအဖအစိုးရရဲ့အသံကိုနားထောင်ဖို့အတွက် ထောက်လှမ်းရေးတာဝန်ခံတွေနဲ့ သွားတွေ့တယ်လို့ ပြောသူက ပြောတယ်။ အတော်တော့ အံ့သြစရာပဲ။ နအဖဟာ ဒီချုပ်နဲ့တော့ မဆွေးနွေးဘဲ

အဓိကအခန်းဟာ နိုင်ငံတွေအကြား ပေါ်ပေါက်တဲ့ပြဿနာကို ဖြေရှင်းဖို့ပါ။ အမေရိကန်က စစ်အေးခေတ်မှာ သူများနိုင်ငံထဲ သူစွက်ဖက်ချင်သလို စွက်ဖက်နိုင်အောင် ကုလသမဂ္ဂရဲ့အခန်းကို သူလိုသလို အဓိပ္ပာယ်ဖွင့် အသုံးချခဲ့တာပါ။ အခု သူ အဲဒီလို လုပ်မရတော့ဘူး။ အီရတ်ကိစ္စမှာ သူဟာ ကုလသမဂ္ဂသဘောထားကို ဆန့်ကျင်ပြီး လုပ်ခဲ့တာပဲ။ ကိုယ့်နိုင်ငံအနေအထားနဲ့ ဖြစ်နိုင်တဲ့ ဖြစ်သင့်တဲ့လမ်းကြောင်းကို ရွေးချယ်ဖို့လိုပါတယ်။ ပြည်သူလူထုကို သိုက်စာဖတ်ရာနားထောင်ပါ၊ ဥစ္စာရနိုးနိုး၊ ဖြစ်နေစေရင် အဲဒီလိုလုပ်သူမှာ တာဝန်ရှိပါတယ်။

ရှစ်လေးလုံးကာလမှာ အာဏာရှင်ကြီး ဗိုလ်နေဝင်းကို နှုတ်ထွက်စေခဲ့တာ၊ ဒေါက်တာမောင်မောင် ဖောင်းကားစားဘဲ့ ရသွားတာ၊ ရဲတွေ တပ်မတော်သားတွေ လမ်းမပေါ် စထွက်လာကြတာ၊ စစ်အုပ်စု ပြာပြာသလဲဖြစ်ပြီး ကမန်းကတန်း အာဏာသိမ်းရတာ၊ ဒါတွေဟာ ဘယ်သူ့ကြောင့်လဲ။ မုတ္တမကွေ့ထဲမှာရောက်နေတယ်ဆိုတဲ့ အမေရိကန်ရေတပ်ကြီးကြောင့်လား၊ ကုလသမဂ္ဂကြောင့်လား။ ဘယ်ဟာမှ မဟုတ်ပါဘူး။ ဒီနိုင်ငံသမိုင်းမှာ ဘယ်တုန်းကမှ မရှိဘူးတဲ့ ဗမာပြည် ပြည်သူတွေရဲ့ အုံကြွမှုကြီးကြောင့်ပါ။ ပြည်သူ့ဖိအားနဲ့သာ ရိုးသားတဲ့တပ်မတော်သား အများစုကြီးကို စစ်အုပ်စုအောက်က ဆွဲထုတ်နိုင်ပါတယ်။ ပြည်သူ့ဖိအားနဲ့သာ စစ်အာဏာရှင်တွေကို ချုပ်ကိုင်လို့ရမှာပါ။

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုး
သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com



## နှစ်ပေါင်း(၁၀၀)အတွင်း အဆိုးဝါးဆုံး ရေဘေးကြုံတွေ့ရ နအဖ စစ်အုပ်စုက တုတ်တုတ်မျှ မလှုပ်

ယခုနှစ်အတွင်း ဧရာဝတီမြစ်ဘေးတလျှောက်ရှိ အချို့ဒေသများတွင် နှစ်ပေါင်း(၁၀၀)ကျော်အတွင်း အဆိုးဝါးဆုံးကြုံတွေ့ခဲ့ရသည့် ရေဘေးဒဏ်ကြောင့် အိမ်ထောင်စုထောင်နှင့်ချီ၍ အတိဒုက္ခရောက်နေကြရကြောင်း ပြည်တွင်းသတင်းများအရသိရသည်။ အထူးသဖြင့် စစ်ကိုင်းမြို့တွင်းရှိ ထားဝယ်ဈေး၊ လင်းဇင်း၊ ဘော်ကာရပ်ကွက်များတွင် ရေဘေးဒဏ်ပိုမိုကြုံတွေ့ရသည်ဟု ဒေသခံတို့က ဆိုသည်။

မကွေးတိုင်း အောင်လံမြို့တွင်လည်း လမ်း(၄)လမ်းရှိသည့်အနက်၊ (၃) လမ်းအထိ ရေတက်ကာ ကမ်းနားရှိအိမ်များမျောပါသွားခဲ့ကြောင်း၊ အလားတူ မန္တလေးတွင် အိမ်ခြေ(၇၀၀)ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ကချင်ပြည်နယ် မြစ်ကြီးနားတွင် ရေဘေးဒဏ်ကြောင့် အနည်းဆုံးလူ(၁၀)ဦးကျော် သေဆုံးခဲ့ကြောင်းသိရသည်။ ထို့အတူ အမရပူရ၊ တောင်သမန်အင်း၊ ပြည်၊ အောင်လံ၊ မကွေး၊ မင်းဘူး၊ စကု၊ စလင်းစသည့်ဧရာဝတီ မြစ်ရိုးတလျှောက်ဒေသများတွင် ရေဘေးဒဏ် ဆိုးဝါးစွာ ခံစားခဲ့ရကြောင်း၊ သို့ရာတွင် ယခုလိုရေဘေးဒုက္ခကြုံတွေ့နေရသူများအား သက်ဆိုင်ရာက အကူအညီလုံးဝမပေးကြောင်း၊ အထူးသဖြင့် ကျေးရွာများတွင် လူမသိသူမသိ သေဆုံးမှုများ မည်မျှရှိမည်ကို မခန့်မှန်းနိုင်သေးကြောင်း သိရသည်။

ဤသို့ ပြည်သူများ ရေဘေးဒုက္ခ ခံစားနေရချိန်တွင် အာဏာပိုင်များက မည်သည့်ကယ်ဆယ်ရေးလုပ်ငန်းမျှ လုပ်ဆောင်ပေးခြင်းမရှိဘဲ နအဖဥက္ကဋ္ဌ ဗိုလ်သန်းရွှေနှင့် ဗိုလ်ခင်ညွန့်တို့က တရုတ်နှင့်နီပေါမှ ရေဘေးအပေါ်စာနာပါကြောင်း သဝဏ်လွှာများ ပေးပို့နေသည့်အတွက် ထိုလုပ်ရပ်အပေါ် ပြည်သူလူထုက ဒေါသအကြီး အကျယ်ထွက်လျက်ရှိနေသည်ဟု သိရသည်။ ❖

## အိုလံပစ်ပြိုင်ပွဲဝင် မြန်မာအလေးမ အားကစားမယ် ပြိုင်ပွဲမှ ထုတ်ပယ်ခံရ တားမြစ်ဆေးသုံးစွဲကြောင်းတွေ့ရှိဟု ဆို




အိုလံပစ်ပြိုင်ပွဲမှ ထုတ်ပယ်ခြင်းခံရသည့် မြန်မာအလေးမမယ် နန်းအေးခိုင်

ဂရိနိုင်ငံ၌ ကျင်းပနေသည့် ကမ္ဘာ့အိုလံပစ်(၂၀၀၄)တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့အလေးမအားကစားမယ် နန်းအေးခိုင်အား တားမြစ်ဆေးသုံးစွဲမှုဖြင့် ပြိုင်ပွဲမှထုတ်ပယ်ခြင်းခံရသည်ဟု အေသင်မှလာသည့် ရိုက်တာသတင်းအရသိရသည်။

ဩဂုတ်လ(၁၂)ရက်နေ့က ဆီးစစ်ချက်ယူရာ နန်းအေးခိုင်တွင် တားမြစ်ဆေးသုံးစွဲထားကြောင်းတွေ့ရှိရ၍ နိုင်ငံတကာအိုလံပစ်အားကစားကော်မတီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဩဂုတ်(၁၄)ရက်နေ့ ၎င်းအားခေါ်ယူမေးမြန်းခဲ့သည်။နန်းအေးခိုင်က တိုင်းရင်းဆေးဝါးကိုသာ ပုံမှန်သုံးစွဲခြင်းဖြစ်ကြောင်းထွက်ဆိုခဲ့သော်လည်း အိုလံပစ်ကော်မတီက နန်းအေးခိုင်အားပြိုင်ပွဲမှ ထုတ်ပယ်လိုက်သည်။

မြန်မာနိုင်ငံသည် ၂၀၀၄ ဂရိ အိုလံပစ်ပြိုင်ပွဲသို့ အမျိုးသမီးအားကစားသမားနှစ်ဦးသာ စေလွှတ်နိုင်ခဲ့သော်လည်း တားမြစ်ဆေးသုံးစွဲမှုကြောင့် တဦးအထုတ်ပယ်ခံခဲ့ရသည်။❖

# ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လက်မှတ်ရေးထိုး တောင်းဆိုမှု ပြည်သူအများစုက တက်ကြွစွာ ပါဝင်ယူးပေါင်း



ဇူလိုင်လ(၁၉)ရက်နေ့က စတင်၍ တပြည်လုံးအတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိသည့် အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ရေး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုများသည် ကျယ်ပြန့်သည့် လူထုလှုပ်ရှားမှုအသွင်ဆောင်လာသဖြင့် နအဖ စစ်အုပ်စုက စိုးရိမ်ကြောက်လန့်လာကာ ကြံ့ဖွံ့များနှင့် နှောင့်ယှက်ခြင်း၊ ဒေသခံ အာဏာပိုင်များနှင့် ဖိအားပေးတားမြစ်ခြင်းတို့ကို ပိုမိုပြုလုပ်လာကြောင်းသိရသည်။ သို့ရာတွင် လူထုက ပိုမိုပူးပေါင်းလာလျက်ရှိကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

စစ်ကိုင်းတိုင်း။ ။ ဩဂုတ်လ(၁)ရက်နေ့က အဲန်အယ်ဒီအမတ်များ၊ မြို့နယ်အဆင့်ခေါင်းဆောင်များအပါအဝင် အဖွဲ့ချုပ်ဝင် (၄၀)ကျော်ခန့်သည် စစ်ကိုင်းတိုင်း၊ တိုင်းစည်းအဖွဲ့ဝင် ဦးချစ်ဦး၏နေအိမ်တွင် တွေ့ဆုံ၍ အဖွဲ့ချုပ်ဗဟို၏ ညွှန်ကြားချက်ဖြစ်သော တိုင်းအတွင်း လက်မှတ်ထိုးမှုများဆောင်ရွက်ရန် အစီအစဉ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် တိုင်းအတွင်းရှိ မြို့နယ်အလိုက် လက်မှတ်ထိုးမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ ယနေ့အချိန်အထိ လက်မှတ်ထိုးသူ တဝက်ကျော်မှာ အဖွဲ့ဝင်မဟုတ်သူများ ဖြစ်ကြောင်း မုံရွာခရိုင် စည်းအဖွဲ့ဝင် ဒေါ်ခင်သန်း၏အဆိုအရ သိရသည်။

ချင်းပြည်နယ်။ ။ ပြီးခဲ့သည့်လ (၂၈) ရက်နေ့၌ ဟားခါး၊ ထန်တလန်ရှိ အဖွဲ့ချုပ်ခေါင်းဆောင်များတွေ့ဆုံ၍ (၂၉)ရက်နေ့တွင် လက်မှတ်ထိုးမှုများစတင်ခဲ့ရာ တီးတိန်၊ တွန်းဇံ၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီတို့တွင် လက်မှတ်ထိုးစာအုပ် မိတ္တူများပေး၍ ပြည်သူများပါဝင်လာရေး လုပ်ဆောင်နေကြောင်းသိရသည်။ ချင်းပြည်သူလူထုက တခဲနက်ပါဝင်လာနေကြောင်း ဟားခါးအဖွဲ့ ချုပ်ဥက္ကဋ္ဌဦးဘာရန်က ပြောကြားခဲ့သည်။

မန္တလေးတိုင်း။ ။ မြို့နယ်(၃၀)ပူးတွဲအစည်းအဝေးကို တိုင်းစည်းဒေါ်ဝင်းမြမြ၏နေအိမ်တွင်ကျင်းပခဲ့ရာ (၂၄)မြို့နယ်မှ ဥက္ကဋ္ဌ၊ စည်းရုံးရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ တပ်ကုန်း၊ နွားထိုးကြီး၊ တောင်သာ၊ ပျော်ဘွယ်၊ မလှိုင်မြို့နယ်များမှာ ရေကြီးနေ၍ မတက်နိုင်ကြောင်း သိရသည်။ ယင်းအစည်းအဝေးကို ထောက်လှမ်းရေးမှဒိုးပတ်ဝိုင်းတဝိုင်းကို ငွေပေးပြီး နှောင့်ယှက်ခိုင်းကြောင်း သတင်းများက ဆိုသည်။ အဖွဲ့ချုပ်တာဝန်ရှိသူများသွားလာရာတွင် ကြံ့ဖွံ့များက ဆိုင်ကယ်၊ ကား များဖြင့် တရုန်းရုန်းလိုက်လံ အနှောင့်အယှက်ပေးလျက်ရှိသည်။ မန္တလေး အနောက်တောင်မြို့နယ်နှင့် အခြားမြို့နယ်အချို့တွင် လက်မှတ်ထိုးပွဲများ၌ ပါဝင်ခြင်းမပြုရန် ကြံ့ဖွံ့များက လူထုကို အဓမ္မခြိမ်းခြောက်ကြသည်။ ရပ်ကွက်အာဏာပိုင်များကလည်း အဖွဲ့ချုပ်အိမ်များကို ဝင်ရောက်ရှာဖွေမှုများရှိသည်ဟု ဆိုသည်။

မန္တလေးတိုင်း ရဲမှူးကြီးကလည်း လူထုထဲမှာလုပ်လို့ ပဋိပက္ခဖြစ်လာရင် အရေးယူမည်ဟု ခေါ်ယူပြောဆိုကြောင်း သိရသည်။

ရန်ကုန်တိုင်း။ ။ မြို့နယ်အလိုက် လက်မှတ်ရေးထိုးမှုများ စီစဉ်ထားသော်လည်း၊ အာဏာပိုင်များ၏ခြိမ်းခြောက်မှုများကြောင့် အခက်အခဲများ ကြုံတွေ့ရသည်ဟု ဆိုသည်။

ရှမ်းပြည်နယ်။ ။ နယ်မြေကျယ်ပြန့်မှုကြောင့် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်း (၃)ပိုင်းခွဲလျက် လက်မှတ်ရေးထိုးမှုများ စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ မြို့နယ်ပေါင်းစုံအစည်းအဝေးများကို အရှေ့ပိုင်းတွင် ယခုလ(၂၀)ရက်နေ့၊ မြောက်ပိုင်းတွင် (၂၄)ရက်နေ့နှင့် တောင်ပိုင်းတွင် သီးခြားအစီအစဉ်ဖြင့် ကျင်းပခဲ့ကြသည်။ အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အတွင်းရေးမှူး ဦးတင်ဝင်းက ကျိုင်းတုံရှိ ပြည်နယ်ဒုဥက္ကဋ္ဌနေအိမ်၌ ဩဂုတ်(၄)ရက်နေ့ကတည်းက လက်မှတ်ရေးထိုးနိုင်ရန်စီစဉ်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။ ကျိုင်းတုံအဖွဲ့ချုပ် အတွင်းရေးမှူး စိုင်းဝင်းကျော်က အာဏာပိုင်များ၏တားမြစ်မှုများရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မကွေးတိုင်း။ ။ အာဏာပိုင်များက ပြည်သူလူထု အားတက်သရောပါဝင်လာမည်ကိုစိုးရိမ်၍ တားမြစ်ပိတ်ပင်မှုများ ရှိနေကြောင်း၊ ပွင့်ဖြူလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုက ထုတ်ဖော်ပြောကြားသည်။ ရေနံချောင်းမြို့နယ်တွင် လက်မှတ်ရေးထိုးမှုတွင် ပါဝင်သော ကျောင်းသားလုပ်သားတဦးနှင့် ရယကလူကြီး(၂)ဦး အလုပ်ဖြုတ်ခံရကြောင်း ကြားသိရသည်။

မွန်ပြည်နယ်။ ။ ပြည်နယ်တွင်းရှိ မြို့နယ်ပေါင်းစုံအစည်းအဝေးကို ဇူလိုင်(၂၀)ရက်နေ့က ကျင်းပခဲ့သည်။ သထုံ၊ မော်လမြိုင်ပေါင်မြို့များတွင် လူထုတက်ကြွစွာ ပါဝင်နေသော်လည်း မြို့နယ်အများစုမှာလက်မှတ်ရေးထိုးမှုများကို စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်သည်ဟု ပဲခူးမှလာသော သတင်းများအရ သိရသည်။

အာဏာပိုင်များက အဖွဲ့ဝင်များသာ လက်မှတ်ထိုးရန် သာမန်လူထုကို လက်မှတ်မထိုးခိုင်းရန်၊ တအိမ်တက်ဆင်း လက်မှတ်ထိုးခြင်းမလုပ်ရန် တားမြစ်ပိတ်ပင်မှုများ ရှိသည်။ ကြံ့ဖွံ့များကလည်း ဒေါ်စုလွှတ်မပေးရေး လက်မှတ်ထိုးပွဲများ လုပ်ဆောင်နေကြောင်း ကြားသိရသည်။ မည်သို့ပင်ဖြစ်စေ လက်မှတ်စုဆောင်းမှုများကို ရက်ကန့်သတ်မထားဘဲ ဆက်လုပ်သွားမည်ဖြစ်ကြောင်း လက်မှတ်ထိုးစာရွက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နအဖဥက္ကဋ္ဌထံ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။ ပြည်သူလူထုနှင့်အဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်မှုကြီးထွားလာမည်ကို နအဖက အလွန်စိုးရိမ်နေကြောင်း၊ နည်းပေါင်းစုံသုံး၍ တားမြစ်မှာသေချာကြောင်းဖြင့် အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) အတွင်းရေးမှူး ဒေါ်စန်းစန်းက မိုးကြိုးသို့ ပြောကြားသည်။ ❖

# နယူးဒေလီရှိ အစိုးရကျောင်းသုံးစာအုပ်များတွင် ဒေါ်အောင်ဆန်းစုကြည်အကြောင်း ပုံနှိပ်ပြဌာန်း

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ သတ္တမတန်းအဆင့် အစိုးရကျောင်းသုံးစာအုပ်များတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို အိန္ဒိယဘာသာဖြင့်သင်ကြားရန် ထည့်သွင်းပြဌာန်းထားကြောင်း သတင်းများ ရရှိသည်။ ယင်းပြဌာန်းစာပါသင်ကြားချက်၌ ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေး စွမ်းစွမ်းတမံဆောင်ရွက်ချက်များကို လက်ရှိ စစ်အာဏာရှင်စနစ်ကြီးစိုးနေသော မြန်မာနိုင်ငံရေးအခြေအနေနှင့် နှိုင်းယှဉ်ဖော်ပြထားသည်ဟုဆိုသည်။ ဤသို့ပြဌာန်းခြင်းမှာ အစိုးရကဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်နယ်ပညာရေးဘုတ်အဖွဲ့က ပြဌာန်းခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးသုတေသီတဦးဖြစ်သည့် ဒေါက်တာသိန်းလွင်က "ကလေးတွေကို သူတို့လေးစား အတုယူသင့်တဲ့လူကြီးများအကြောင်းသင်ပေးတာ အင်မတန်အကျိုးရှိပါတယ်၊ မြန်မာပြည်မှာတော့ ပြောင်းပြန်ပဲ၊ ဒေါ်အောင်ဆန်းစုကြည် နာမည်မပြောနဲ့၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမိုင်းကိုတောင် ကျောင်းသုံးစာအုပ်ထဲက တဖြည်းဖြည်း ဖယ်ပစ်နေတာဖြစ်တယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သွားသည်။ ❖

# (၅၄) နှစ်မြောက် ကရင်အာဇာနည်နေ့ တပ်မဟာ (၇) နယ်မြေ၌ ကျင်းပ



(၅၄)ကြိမ်မြောက် ကရင့်အာဇာနည်နေ့ အခမ်းအနားကို တပ်မဟာ(၇) နယ်မြေ၌ ကျင်းပနေစဉ်

ကေအဲန်အယ်လ်အေ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊ တပ်မဟာ(၇) နယ်မြေ၌၊ (၅၄)ကြိမ်မြောက် ကရင့်အာဇာနည်နေ့ အခမ်းအနားကို ၁၂၊ ၆၊ ၂၀၀၄ နေ့နံနက်ပိုင်းက တပ်မဟာ(၇)ခရိုင်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ ထိုအခမ်းအနားသို့ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်မှူးချုပ် ထိန်မောင်၊ ဖားအံခရိုင် ဥက္ကဋ္ဌ ဖဒိုစောအားတိုနှင့် စစ်ဘက်နယ်ဘက်မှ ထိပ်ပိုင်းခေါင်းဆောင်များ၊ ကျောင်းသားတပ်မတော်တပ်ရင်း(၈)မှ စစ်သည်များ၊ ဒီမိုကရေစီအင်အားစုများမှ ခေါင်းဆောင်အချို့နှင့် ကရင်ပြည်သူလူထုများ တက်ရောက် အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။

ထိုအခမ်းအနားတွင် ဩဂုတ်(၁၂)ရက်နေ့၌ကျဆုံးသွားသော ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏မူလေးချက်ဖြစ်သည့် ပြီးပြည့်စုံသော ကရင်ပြည်နယ်ရရှိရေး၊ ကရင့်လွတ်လပ်ရေး၊ ကရင်ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးနှင့် ကရင့်လက်နက် ကရင့်လက်ဝယ်ရရှိရေး ဟူသော မူလေးချက်ကို ဆက်လက်အကောင်ထည်ဖော်သွားမည် ဟု ကရင်ခေါင်းဆောင်များက ထပ်မံအတည်ပြုပြောဆိုခဲ့ကြောင်း သိရှိရသည်။❖

(သတင်း – သောင်းရင်းနဂါး)

# မြန်မာပြည်အရေးထောက်ခံသည့် လွှတ်တော်အဖွဲ့ တဖွဲ့ အရှေ့တီမောတွင် ဖွဲ့စည်းမည်



ဝန်ကြီးချုပ်ရုံးဝန်ကြီး
ဒေါက်တာ စိန်းအောင်

အရှေ့တီမောတွင် မြန်မာ့ဒီမိုကရေစီရေးကိုထောက်ခံသည့် လွှတ်တော်အမတ်များအဖွဲ့ ဖွဲ့စည်းရေးကိုစ၍ဆောင်ရွက်နေပြီဖြစ်ပြီး မကြာမီဖွဲ့စည်းနိုင်တော့မည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဒေါက်တာစန်းအောင်က ဩဂုတ်လ(၁၀)ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

မလေးရှားပါလီမန်၌ မြန်မာအရေးလိုလားသော လွှတ်တော်အမတ်များအဖွဲ့ကို ပြီးခဲ့သည့်ဇွန်လအတွင်း ဖွဲ့စည်းပြီးနောက်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှားတို့တွင် ထပ်မံဖွဲ့စည်းနိုင်ရေးကို စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ ယင်းလွှတ်တော်အဖွဲ့များ ပေါ်ပေါက်လာပြီးပါက ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းမည်ဟုလည်း သိရသည်။

အရှေ့တီမောသည် ပေါ်တူဂီတို့ ဆုတ်ခွာသွားသော ၁၉၇၅ ခုနှစ်မှစ၍ ၁၉၉၉ အထိ အင်ဒိုနီးရှားစစ်တပ်၏ သိမ်းပိုက်မှုကိုခံခဲ့ရပြီး၊ ကုလသမဂ္ဂ ကြီးကြပ်မှုအောက်က ကျင်းပခဲ့တဲ့ လူထုဆန္ဒခံယူပွဲများ၏ ရလဒ်အဖြစ် ၂၀၀၂ ခုနှစ်၊ မေလ(၂၀)ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လက်ရှိသမတ ဇာနာနာဂက်စ်မာဟိုနှင့် နိုင်ငံခြားရေးဝန်ကြီး နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ရာမို့စ်ဟိုတာတို့သည်လည်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီရေးကို ရှေ့တန်းမှ ထောက်ခံသူများ ဖြစ်ကြသည်။

❖